မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နမ့်ဆန်မြို့ တပ်မတော်လက်ဖက်ခြောက်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နမ့်ဆန်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် မတ် ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နမ့်ဆန်မြို့သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ဘုရားကြီးရွာအနီးရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးရာ နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းလွင်က နမ့်ဆန်မြို့ပြ မြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ရွေးချယ်

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ရန် သင့်လျော်မည့် မြေနေရာများကို လှည့်လည်၍ ကြည့်ရှုရွေးချယ်ကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လာမည့် လက်ဖက်ရာသီတွင် ထုတ်လုပ်မှုလုပ်ငန်းများ အဆင်သင့် ဆောင်ရွက်နိုင်ရန်အတွက် စက်ပစ္စည်းများ ပြုပြင်ပြီးစီးနေပြီဖြစ်၍ စမ်းသပ်လည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းထွန်းက လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၅ ရက်)

ဒေသဝမ်းစာဖူလုံရေး အလေးထားဆောင်ရွက် ရည်မှန်းချက်ပြည့်မီရေး ဒေသခံပြည်သူများ လက်တွဲကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် မတ် ၃ရက်က ကျောက်မဲမြို့သို့ ရောက်ရှိခဲ့သည်။

ကျောက်မဲခရိုင်သည် ဖွံ့ဖြိုးမှုအခြေခံကောင်းများရှိသည့် ဒေသဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက ဒေသတိုင်း၌ မိမိဒေသအတွက် ဝမ်းစာဖူလုံမှုရှိရန် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပြီး လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျောက်မဲခရိုင်သည် ဆန်ဖူလုံမှုရာခိုင်နှုန်း၁၃၀ရှိပြီး ဆီဖူလုံမှု ၁၂၃ရာခိုင်နှုန်းရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ မျှတစွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသခံပြည်သူများအပိုင်းက ကြိုးပမ်းဆောင်ရွက်ကြပါက တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး တစ်ဦးချင်း ပျမ်းမျှဝင်ငွေ ကျပ်ခြောက်သိန်းရရှိရေး ရည်မှန်းချက်ပြည့်မီရန် ကြိုးစားပါက ဒေသတစ်ခုလုံးလည်း တိုးတက်လာမည် ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာမှာ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ကျောက်မဲ-သီပေါ-နမ့်စန်-ပန်တုံဒေသ ကားလမ်းများကို ရာသီမရွေးသွားလာနိုင်ရန် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားဖော်ဆောင်လျက်ရှိရာ ဒေသခံပြည်သူ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ၌ ဒေသခံတိုင်းရင်းသားပြည်သူတို့က ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားကြလျှင် ရည်မှန်းချက်ပန်းတိုင်ကို အလျင်အမြန်ရောက်ရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ(၁၉၈၁-၈၅)ခုနှစ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၄

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ(၁၉၈၁-၈၅)ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၅ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ကိုမျိုးဝင်း ဖုန်း-၀၁-၅၀၂၅၃၄၊ ၅၃၅၈၉၄၊ မတင်မိုးမြင့် ဖုန်း-၀၆၇-၄၀၉၄၁၀၊ ၄၂၀၀၉၂၊ ကိုစောထွေးဇော် ဖုန်း-၀၉-၅၀-၀၉၃၅၆၊ ကိုကျော်မင်း ဖုန်း-၀၉-၅၀-၁၇၆၇၈၊ ၀၉-၈၇-၂၀၇၉၈၊ မမီမီချမ်း ဖုန်း-၀၁-၅၆၄၁၆၇၊ မမြင့်မြင့်ရီ ဖုန်း-၀၉-၅၁-၀၂၄၅၄၊ ကိုဝင်းဦး ဖုန်း-၀၉-၂၀-၀၄၇၈၇၊ ကိုရီဝင်း ဖုန်း-၀၉-၅၁-၁၉၇၅၄၊ ကိုမိုးအောင် ဖုန်း-၀၉-၂၀-၁၆၄၄၄၊ ကိုဝင်းမော်ဌေး ဖုန်း-၀၉-၅၃-၄၁၀၇၆၊ မခင်စန်းသွင် ဖုန်း-၀၉-၅၁-၆၁၉၇၁နှင့် မတိုးတိုးမော် ဖုန်း-၀၁-၅၇၇၅၅၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၅-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၄၀ ၇။ ကြောက်စရာမဟုတ်ပါ
၄:၅၀ ၈။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၁၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲကပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၇)
ဇာတ်သိမ်းပိုင်း

လေကြောင်းထိန်းသိမ်းရေးဌာနခွဲ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မတ်၂ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းထိန်းသိမ်းရေးဌာနခွဲသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေကြောင်းထိန်းသိမ်းရေးဌာနခွဲ၏ လုပ်ငန်းစွမ်းဆောင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ဆက်သွယ်လုပ်ကိုင်နေရသည့်အတွက် အမြဲမပြတ် သတိပြုဆောင်ရွက်ရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်သွယ်မှုစနစ်

ထို့နောက် ဝန်ကြီးသည် လေကြောင်းထိန်းသိမ်းရေးဌာနခွဲ၊ ရန်ကုန်ဗဟိုလေကြောင်းထိန်းဌာန၊ ရန်ကုန်လေကြောင်း ထိန်းသိမ်းရေးမျှော်စင်ရှိ လေကြောင်းထိန်းသုံးစက်ကိရိယာများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်ဆက်သွယ်မှုစနစ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၆-၃-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (အာဠဝကနာဠိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (လူချစ်လူခင်ပေါ်များစေလိုလျှင်)
၈:၄၀ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် နိုင်ငံစီးပွား (ရွှေလက်ဖက်ငွေလက်ဖက်) နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပြင်ပလောကမှာ မရနိုင်သော စာပေရသများ)
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ နေ့လယ်ခင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (တကယ်တမ်း စိတ်ချမ်းသာရေး)
၁၆:၃၀ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သချာ်)
၁၇:၀၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၂၅ စာအုပ်ဆွေးနွေးခန်း (မြတ်သောအလှူ)
၁၇:၃၀ သတင်းစာဆောင်းပါး
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ကူညီပါရစေ) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ထပ်ဆင့်အကယ်ဒမီချီးမြှင့်ပြီး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (အင်္ဂလိပ်စာတတ်မြောက်ရေး) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

စက်မှုအင်ဂျင်နီယာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

၁၉၈၅-၁၉၈၆-၁၉၈၇ စက်မှုအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၃နာရီအထိ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် M.E.S ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးစိုးစိုးသန်း ဖုန်း-၀၉-၅၁၄၇၈၂၈၊ ဦးနွဲ့ဝင်း ဖုန်း-၀၉-၅၀-၁၀၃၉၇၊ ဒေါ်သီတာဦး ဖုန်း- ၀၉-၅၀-၀၂၆၆၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀-၀၈၉၂၃၊ ဦးစိန်သောင်း ဖုန်း-၀၉- ၅၀-၁၃၀၅၇၊ ဒေါ်ကြည်ကြည်ပြုံး ဖုန်း-၀၉-၅၁-၃၆၈၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ အမှတ် ၁၅ မဏိမေခလာလမ်း ကြည့်မြင်တိုင်နေ ဦးစိန်မြင့်ထွန်း၊ ဒေါ်တူးတူး သားသမီး၊ မြေးတစ်စုကနှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ဘိုးဘွားများအတွက် မတ် ၃ရက်က တစ်နေ့စာ အထူးအာဟာရကျွေးမွေးရန် ငွေကျပ်တစ်သိန်းငါးသောင်းကို လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

● *ကျောဖုံးမှ*

မြန်မာနိုင်ငံအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက နိုင်ငံခြားအထောက်အပံ့များဖြင့် မဟုတ်မမှန်သတင်းများကို ထုတ်လွှင့်လျက် စနစ်တကျ အကွက်ဆင် ထိုးနှက်တိုက်ခိုက်နေသည်မှာ ကြာမြင့်နေပြီဖြစ်ပါသည်။ အစိုးရဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ ပေးပို့သည့် အခြေအမြစ်မရှိသော လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာသို့ စိမ့်ဝင်ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တရားဝင်အစီရင်ခံစာများ၌ ထည့်သွင်းဖော်ပြရန်သင့်သည်ဟု ဆုံးဖြတ်ခြင်းမပြုမီ သတင်းအချက်အလက်များအားလုံးကို ခိုင်လုံမှန်ကန်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်ပါသည်။

ကိုင်တွယ်ဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဟု ယုံကြည်လက်ခံထားပါသည်။ လူ့အခွင့်အရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ဓမ္မဓိဋ္ဌာန်ကျမှု၊ နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မာမှုကို လေးစားမှု၊ ပြည်တွင်းရေးတွင် မစွက်ဖက်မှု စသည့် မူကြီးများကို အခြေခံပြီး ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူ့အခွင့်အရေးကိစ္စရပ်များတွင် စံနှုန်းနှစ်မျိုးထားရှိခြင်း(သို့မဟုတ်) နိုင်ငံရေးအရ ထိုးနှက်ခြင်းတို့ မရှိသင့်ပါ။ နိုင်ငံရေးအရ ထိုးနှက်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့်သာ ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

သက်တမ်းတိုးမြှင့်

မြန်မာနိုင်ငံသည် မိမိ၏နိုင်ငံခြားရေးမူဝါဒနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ရေးအပါအဝင် ကဏ္ဍပေါင်းများစွာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီအား ခုနစ်ကြိမ်တိုင် လက်ခံကြိုဆိုခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် လက်ရှိမြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်စ်အိုဟေးကွင်တားနားသည်လည်း ယမန်နှစ်က ၎င်းအား တာဝန်ပေးအပ်ပြီးနောက် မြန်မာနိုင်ငံသို့ နှစ်ကြိမ်တိုင် လာရောက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(အိုင်အယ်လ်အို)တို့အကြား အဓမ္မစေခိုင်းမှု တိုင်ကြားချက်များ ဆောင်ရွက်ရန် နောက်ဆက်တွဲစာလွှာကို သက်တမ်းတိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

လျစ်လျူရှု

မြန်မာနိုင်ငံသည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်ခွင့်ရရှိရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုး အများစုနေထိုင်ရာ နယ်စွန်နယ်ဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ မြို့ပြနှင့် ကျေးလက်ဒေသကွာဟမှု ကျဉ်းမြောင်းလာစေရန် မနားမနေ အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ခွင့် မြှင့်တင်ရေးဘက်တွင် ယင်းကဲ့သို့သော အပြုသဘောဆောင်သည့် တိုးတက်မှုများကို လျစ်လျူရှုထားသည်ကို တွေ့ရှိရပါသည်။

လုံးဝ လက်မခံ

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၂၀၀၈ခုနှစ်အတွက် လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၀၉ခုနှစ်၊ မတ်လ ၄ ရက်

■ *ကျောဖုံးမှ*

(၂) ဘိန်းစိုက်ပျိုးရာ နယ်မြေများဖြစ်ခဲ့သည့် နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုကို လုံးဝပပျောက်စေရေးဟူသော နည်းဗျူဟာနှစ်ရပ်ကို အခြေခံထားပါသည်။ ယင်းနည်းဗျူဟာနှစ်ရပ်ကို မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချခြင်း၊ ဝယ်လိုအားလျှော့ချခြင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ခြင်းစသည့် နည်းစနစ်သုံးသွယ်ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တားဆီးရေး

အမ်ဖီတမင်း စိတ်ကြွဆေးပြားများသည် ထုတ်လုပ်ရန် အလွန်လွယ်ကူသည့်အလျောက် ခြိမ်းခြောက်မှုအန္တရာယ်သစ်တစ်ရပ် ဖြစ်လာပါသည်။ ယင်းအန္တရာယ်ကိုတိုက်ဖျက်ရန် အကောင်းဆုံးနည်းလမ်းမှာ အမ်ဖီတမင်းထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းများအား တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို တားဆီးရေးပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းဓာတုပစ္စည်းများကို ထုတ်လုပ်ခြင်းမပြုသကဲ့သို့ တင်သွင်းခြင်းလည်း မပြုလုပ်ပါ။

ဦးတည်ဆောင်ရွက်

ဒေသအဆင့်တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ်တွင် အာဆီယံဒေသတွင်း မူးယစ်ဆေးဝါးကင်းစင်စေရမည်ဟူသော ဘုံရည်မှန်းချက်ကို ပြည့်မြောက်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မဟာမဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ပေါ်ပေါက်လာစေရေးအတွက် ခြောက်နိုင်ငံသဘောတူ နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံမှ ရည်မှန်းသတ်မှတ်ထားသည့် နေ့ရက်ထက် တစ်နှစ်စော၍ ၂၀၁၄ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင် ပပျောက်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် အကြမ်းဖက်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် ဆက်စပ်နေပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်မည့် ကမ္ဘာလုံးဆိုင်ရာပြဿနာ ဖြစ်ပါသည်။ နိုင်ငံအဆင့် ကြိုးပမ်းမှုများကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

ဖယ်ရှားပေးခဲ့

ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲဖော်ပြချက်များမှာလည်း အခြေအမြစ်မရှိသော နိုင်ငံရေးအရ ထိုးနှက်မှုများသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ်တွင် ကုလသမဂ္ဂမူးယစ်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းသို့ ဝင်ရောက်ခဲ့ပြီး ၂၀၀၆ခုနှစ် မတ်လတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်အုပ်စုတွင်လည်း ပါဝင်ခဲ့ပြီးဖြစ်ပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးစီမံချက်များကို နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်ခဲ့မှုများကြောင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(အက်ဖ်အေတီအက်ဖ်)က ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် မြန်မာနိုင်ငံအား ပူးပေါင်းဆောင်ရွက်မှုမပြုသည့် နိုင်ငံများစာရင်းမှ ဖယ်ရှားပေးခဲ့ပြီး ဖြစ်ပါသည်။

ထောက်ပံ့ကူညီမှုမရှိ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် မြန်မာ့အမျိုးသားရေးကြိုးပမ်းမှုများကို ပြည်ပမှ ထောက်ပံ့ကူညီမှု မရှိသလောက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့သော ရိုးသားစွာကြိုးပမ်းမှုများအား ထိုက်တန်သောအသိအမှတ်ပြုမှုနှင့် ပံ့ပိုးပေးမှုများ မရရှိခြင်းမှာ စိတ်မကောင်းစရာ အချက်တစ်ချက်ဖြစ်ပါသည်။

မမှန်မကန်ဖော်ပြထား

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဗျူဟာအစီရင်ခံစာသည် အခြေအမြစ်မရှိ၊ မမှန်မကန်ဖော်ပြထားသော နိုင်ငံရေးအရ ထိုးနှက်ချက်များသာဖြစ်၍ ဖော်ပြပါအစီရင်ခံစာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လုံးဝလက်မခံဘဲ ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၀၉ခုနှစ်၊ မတ်လ ၄ ရက်

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် မတ် ၁ရက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် အရှိန်အဟုန်ဖြင့် လျင်မြန်စွာတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရသေ့တောင်မြို့နယ် ကျေးလက်ပြည်သူများနှင့် အိမ်တိုင်ရာရောက် လိုက်လံတွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

အားပေးစကားပြောကြား

ဝန်ကြီးသည် မတ် ၂ရက်တွင် ရသေ့တောင်မြို့နယ်သို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှုများ အရှိန်အဟုန်ဖြင့် ပိုမိုလျင်မြန်စွာ အကောင်အထည်ပေါ်လာရေးအတွက် လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများအား အိမ်တိုင်ရာရောက် လိုက်လံတွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

လှူဒါန်း

ခရီးစဉ်အတွင်း ဝန်ကြီးသည် မြင်းကောင်ရေ ၈၀လယ်ထွန်စက် ၁၀စီး၊ ရော(၁)လက်တွန်းထွန်စက်အစီး ၃၀၊ ရေစုပ်စက် ၂၀နှင့် ပေါက်ပြား ၁၅၀၀တို့ကိုလည်းကောင်း၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ အသုံးပြုရန် Solar Generator ကိုးစုံတို့ကိုလည်းကောင်း၊ အဆိုပါမြို့နယ်များအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားများအတွက် လျှပ်စစ်မီး ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ကုန်ကျမည့် စက်သုံးဆီအတွက် ငွေကျပ် ၁၈သိန်းကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Junior Davis Cup တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၄

၂၀၀၉ ခုနှစ် Junior Davis Cup By BNP Paribas Asia Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် စနာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) ကိုယ်စား Mr. Suresh Menon က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Mr. Suresh Menon တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အားကစားအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

လက်ဆောင်များ ပေးအပ်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပါဝင်ယှဉ်ပြိုင်ကြသော ဘာရိန်း၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပြိုင်ပွဲတွင် ပံ့ပိုးကူညီခဲ့ကြသော ကုမ္ပဏီများနှင့် တာဝန်ရှိသူများအားလည်းကောင်း အမှတ်တရ လက်ဆောင်များ ပေးအပ်ကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ၂၀၀၉ခုနှစ် Junior Davis Cup By BNP Paribas Asia Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(မြို့တော်စည်ပင်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၄

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို တတိယနေ့အဖြစ် မတ် ၃ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ မန္တလေး "နန်းအငြိမ့်" အဖွဲ့က ဖြေဖျော်တင်ဆက်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကြည့်ချင်ပွဲများနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသပြည်သူ ၁၀၀၀၀ ကျော်တို့ လာရောက်ကြည့်ရှုကြသည်။

သာသနာ့မဟာဗိမာန်တော်၌ တရားပွဲများ ကျင်းပမည်

နေပြည်တော် မတ် ၄

ဥပ္ပါတသန္တိစေတီတော်ဆိုင်ရာ မင်္ဂလာအခမ်းအနားများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားများ ကျင်းပပြီးနောက် အောင်ပွဲမင်္ဂလာအထိမ်းအမှတ်အဖြစ် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ မတ်၁၀ရက်(အင်္ဂါနေ့)တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရကလည်းကောင်း၊ မတ်၁၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသကလည်းကောင်း၊ မတ်၁၂ရက် (ကြာသပတေးနေ့)တွင် အရှင်ဆေကိန္ဒကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြသဖျော်ဖြေ

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားနှင့် **အပြင်းစားရိုက်ချက်** ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

ပဉ္စမနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် **မိုးမင်း** ဇာတ်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားနှင့် **အပြောင်းအလဲ** ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မိုးမင်းဇာတ်အဖွဲ့က ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံ ပြည်သူများ ပျော်ရွှင်စွာ လာရောက် ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ ကြည့်ရှုအားပေး

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ကြည့်ချင်ပွဲများအဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာ့ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေရာ ဒေသခံ ပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

လှိုင်သာယာ စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၄

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ဝေတိုးတို့က အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးဝင်းမောင်-ဒေါ်နွယ်နွယ်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဦးမြတ်ဝေတိုး-ဒေါ်ဝင်းဝင်းမြင့် မိသားစု၊ ဦးတင်မြ(ရွှေကြာပန် မော်တော်ယာဉ်ထုတ်လုပ်ရေး)နှင့် ဦးစံဖြိုး (ရွှေညာသား မော်တော်ယာဉ်ထုတ်လုပ်ရေး) တို့က ငွေကျပ်ငါးသောင်းစီ၊ မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးသန်းမြ (တောင်တွင်း-မောင်လွမ်းဝေ)၊ စာရေးဆရာမောင်သာဖြန်း(ထန်းတပင်)၊ အမက(၂၆) ကျောင်းအုပ်ဆရာကြီး ဦးသောင်းညွန့်၊ အမက(၂၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ၊ ဦးဇော်ဝင်း၊ ဦးဌေးဝင်း၊ ဦးသောင်းလှိုင်၊ ဦးနေလင်းထွေး၊ ဦးမျိုးမြင့်အောင်တို့က ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အတည်ပြု

ဆက်လက်၍ အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အဖွဲ့အတွင်းရေးမှူး ကိုမာတိ(ပန်းတောကြီး)နှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဆန်းဝင်း(အောင်မြေ)တို့က ဖတ်ကြားတင်ပြပြီး အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အဖွဲ့ဝင်များ၏ ဆန္ဒသဘောထားရယူကာ သဘာပတိက အတည်ပြုပေးသည်။

ချီးမြှင့်

ထို့နောက် ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ တတိယဆုရအဖွဲ့ ဥက္ကဋ္ဌ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ ကျေးစူးကြီးလှ မိနှင့်ဖ မိဘမေတ္တာဘွဲ့ပြိုင်ပွဲ နှစ်သိမ့်ဆုရ မောင်အေးနှစ်(ပညာရေး)နှင့် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်မျိုးမြင့်အောင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော Professional Engineer ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို မတ် ၇ရက်(စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ဦးသိန်းလွင်[B.S(Lehigh), M.S (Toledo), MIEE, CEng(UK)]က ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၃-၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာချွန်ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၈ရက်က ဗဟန်း အမက(၁) ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံ ပညာရည်ချွန် ဆုနှင်းသဘင် အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသူ မောင်အောင်ခန့်မင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်က ဆုချီးမြှင့်စဉ်။

(၁၃၅)

မီးဘေးလုံခြုံရေး ပွင့်ဖြူတွင် စစ်ဆေး

ပွင့်ဖြူ မတ် ၄

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ၂၇ရက်က အဖွဲ့ပိုင်ကုန်းဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်များ ကျန်းမာရေးနှင့် မီးဘေး လုံခြုံရေးကိစ္စများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

5-3 (04).pmd 1 3/5/2009, 2:03 AM

ဖျာပုံမြို့အလက(၁)(ယခင်ရုပ်တိတ်ကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ မတ် ၄

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (ယခင်ရုပ်တိတ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက် (တပ်မတော်နေ့) နံနက် ၉ နာရီတွင် အလက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဖျာပုံအလက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေသန်း ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမျိုးမြင့် (ဦးတိတ်) ဖုန်း-၀၄၅-၄၀၀၇၄၊ ဦးမောင်မောင်ဦး(ပြည်ထောင်စုမှန်ဆိုင်) ဖုန်း-၀၄၅-၄၀၁၀၂၊ ရန်ကုန်မြို့တွင် ဦးစိုးနိုင်-ဒေါ်ထားထားချို ဖုန်း-၀၁-၇၂၃၀၃၆ နှင့် ဒေါ်ချယ်ရီ ဖုန်း-၀၉-၅၀-၀၂၈၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၈)**

မတ်၂ရက်က မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ရပ်ကွက်မှုခင်းကျဆင်းရေး ရက်သတ္တပတ် ပူးပေါင်းဆောင်ရွက် အသိပညာပေးဟောပြောပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးစိန်ထွန်း ပညာပေးဟောပြော ဆွေးနွေးစဉ်။ (၁၁၁)

မြိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီခွဲက မြိတ်မြို့သစ် တည်ဆောက်မှု၌ သစ်အခြေခံစက်ရုံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီ သစ်သားထည် စက်မှုစက်ရုံ တည်ဆောက်ရေးစီမံကိန်းရုံးသို့ရောက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ခွဲစက်ရုံ၊ အထပ်သားစက်ရုံနှင့် ရုံးအဆောက်အအုံ တည်ဆောက်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြားပြီး သစ်သားထည် စက်မှုစက်ရုံ တည်ဆောက်ရေးစီမံကိန်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အဏ္ဏဝါစိုးကုမ္ပဏီက တည်ဆောက်လျက်ရှိသော ဆိပ်ခံတံတား**(အပေါ်ပုံ)**၊ ရေခဲစက်ရုံနှင့် ရုံးအဆောက်အအုံတို့ကိုလည်းကောင်း၊ ဖိုးလမင်းကုမ္ပဏီဆိပ်ခံတံတားသို့ ရောက်ရှိပြီး ဖြိုးရွှေဝါကုမ္ပဏီက မလေးရှားနိုင်ငံသို့ ရော်ဘာသစ်များတင်ပို့နေမှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ မြို့သစ်ကျောက်ဖျာကမ်းနားလမ်းချက်ပွိုင့်မှ လူနေအိမ်အဆောက်အအုံများနှင့် ဈေးဆိုင်ခန်းတွဲများ တည်ဆောက်ရေးစီမံကိန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနေရာသို့ ရောက်ရှိ၍ ထားဝယ်-မြိတ်မီးရထားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ထားဝယ်တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိ၍ ထားဝယ်တက္ကသိုလ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် နှစ်ထပ်စာကြည့်တိုက် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ တက်လမ်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသော ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီးကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆောင်းသီးနှံများ စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် သပြေချောင်းကျေးရွာ နွေစပါးစိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ သပြေချောင်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒေသခံတောင်သူများက မိုးစပါးစိုက်ပျိုးထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးမှုနှင့် ဆောင်းသီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ပြသထားသော ဆီထွက်သီးနှံများနှင့်အထွက်ကောင်း မျိုးစပါးများကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ စိုက်ခင်းများအတွင်း စုပေါင်းစာတ်မြေဩဇာကြဲပက်နေမှုများကို လည်းကောင်း၊ တန်းကြားပင်ကြားပေါင်းမြက် ရှင်းလင်းနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်ခင်းလုပ်ငန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ထားဝယ်-ရေးကားလမ်း မိုင်တိုင်အမှတ် (၃၂)မိုင် (၂)ဖာလုံတွင် စက်ယန္တရားများ အသုံးပြု၍ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းတိုးချဲ့ဖောက်လုပ်နေမှုများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၆၆ မိုင် ၁ဖာလုံမှ ၈မိုင် ၁ဖာလုံအထိ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

TIP TOP အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများ

ရန်ကုန် မတ် ၄

ယူအေအီးနိုင်ငံထုတ် TIP TOP အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများ မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဆာကူရာတာဝါရှိ Sky Bistro တွင် ကျင်းပရာ စာနယ်ဇင်းဆရာများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် TIP TOP အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများ၏ တစ်ဦးတည်း ကိုယ်စားလှယ် Lucky Choice ကုမ္ပဏီလီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဦးကျော်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အင်ဂျင်ဝိုင်ကျွမ်းကျင်ပညာရှင် ဦးဝင်းမောင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း MPPE)က အင်ဂျင်ဝိုင်နှင့်ပတ်သက်ပြီး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူအရောင်းကိုယ်စားလှယ်များကိုယ်စား ရခိုင်ကားပစ္စည်းနှင့် အင်ဂျင်ဝိုင်ရောင်းဝယ်ရေးမှ ကိုဇော်မင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

Lucky Choice ကုမ္ပဏီသည် TIP TOP အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများကို တိုင်ကီတစ်မျိုးတည်း တင်သွင်းဖြန့်ချိခဲ့သည်မှာ တစ်နှစ်တာကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုအခါ ဈေးကွက်တောင်းဆိုမှု အနေအထားများကြောင့် ဘူးသေးများဖြင့် တင်သွင်းမှုကို စတင်ခဲ့ပြီဖြစ်သည်။ ရရှိနိုင်သော TIP TOP အမှတ်တံဆိပ်စက်ဆီ၊ ချောဆီအမျိုးအစားများမှာ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဘရိတ်ဆီ၊ အမဲဆီနှင့် ဟိုက်ဒရောလစ်ဆီတို့ဖြစ်ပြီး ဝဒသမ၇လီတာ၊ ၁လီတာ၊ ၅လီတာ၊ ၂၅ လီတာပါ ဘူးသေးများအပြင် ၂၀၀လီတာပါတိုင်ကီများဖြင့်လည်း ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်မြို့တွင် အမှတ် (၃၁-ဘီ)၊ နောင်ရိုးလမ်း တက်လမ်းအိမ်ရာ ဘုရင့်နောင် မရမ်းကုန်းမြို့နယ် ဖုန်း-၆၈၆၀၆၆၊ ၆၈၆၀၆၄၊ ၀၉-၅၀-၈၁၁၂၂တို့သို့ဆက်သွယ်နိုင်ပြီး မန္တလေးမြို့တွင် အမှတ် ၈-၁၇ ကျွဲဆည်ကန်ဖလမ်း ပြည်ကြီးတံခွန်မြို့နယ် ဖုန်း-၇၀၄၁၂၊ ၀၉-၆၈-၀၄၁၅၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘူမိဗေဒကျောင်းသားကျောင်းသူဟောင်းများအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

၁၉၈၂ခုနှစ်နှင့် ၁၉၈၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပထမနှစ်သို့ တက်ရောက်ခဲ့သော ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ်၈ရက်(တနင်္ဂနွေနေ့)ညနေ၄နာရီခွဲတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ပန်းခြံအတွင်း ကန်တော်မင်စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက သိန်းထွန်း(တရုတ်ကြီး) ဖုန်း-၀၉-၅၁-၇၅၉၁၇၊ မြတ်လှိုင် ဖုန်း-၀၉- ၅၀-၀၄၄၆၇၊ ဂါဂါနီသန်းလှိုင် ဖုန်း- ၀၉-၉၉-၂၄၄၉၅၊ ဝင်းမြင့် ဖုန်း-၀၉-၅၁-၂၈၇၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း မီးဘေးကာကွယ်တားဆီးရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဖေဖော်ဝါရီ၄ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဈေးကော်မတီဥက္ကဋ္ဌဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စက်ယန္တရား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၈ ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဝင်းအတွင်းရှိ အဖွဲ့ပိုင်ယာဉ်စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့်တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်လျက်ရှိ။

ထားဝယ်-ရေး ကားလမ်း စက်ယန္တရားများဖြင့် လမ်းတိုးချဲ့၊ ကျောက်ခင်း။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရောင်တော်ဖွင့်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၄

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရောင်တော်ဖွင့်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆နာရီတွင် စေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ ရောင်တော်ဖွင့် ပူဇော်ပေးသည်။

တက်ရောက်ကြည်ညို

ရောင်တော်ဖွင့်ပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသနှင့် ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာ ဘိဝံသတို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ကော်မတီဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသထံ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငှက်မြတ်နားတော်တွင် တပ်ဆင်ပူဇော်မည့် ရွှေပြားကမ္ပည်းစာကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ဒေ့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူဇော်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တွင် ဖြည့်စွက်တပ်ဆင် ပူဇော်မည့် ရွှေပြားကမ္ပည်းစာနှင့် ရတနာပစ္စည်းများကို အထက်ပစ္စယာသို့ သယ်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ် နားတော်တို့ကို ရောင်တော်ဖွင့် ပူဇော်စဉ်။ (သတင်းစဉ်)

ရောင်တော်ဖွင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စေတီတော်မြတ်ကြီး၏ ငှက်မြတ်နားတော်၌ ရွှေပြားကမ္ပည်းစာနှင့် ရတနာပစ္စည်းများကို တပ်ဆင်လှူဒါန်းပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် ပူဇော်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များကစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် ပူဇော်ကြသည်။

ထို့နောက် ရောင်တော်ဖွင့်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း — အင်တာနက် ကျန်းမာရေး

အလုအပမက်မောသောအမျိုးသမီးများ အသက်အရွယ်ရလာသည့်အခါ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ဟုဆို

သာမန်အမျိုးသမီးများထက် အလှအပကို လွန်စွာခုံမင်သော အမျိုးသမီးများအနေဖြင့် အသက်အရွယ်ကြီးရင့်လာသည့်အခါ အယ်လ်ဇိုင်းမားရောဂါခံစားရရန်အခွင့်အလမ်းများကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ပြောကြား

မှန်ရှေ့တွင် အချိန်ကြာမြင့်စွာ အလှအပပြင်သူများအနေဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိစေရန် တွန်းအားဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မှန်ရှေ့တွင် အလှအပပြင်ချိန်၌ ဦးနှောက်အတွင်းဆဲလ်များပျက်စီးမှုအနေအထား ပိုမိုများတတ်ကြကြောင်း၊ ဆဲလ်များ၏လှုပ်ရှားမှုနှေးကွေးတတ်ပြီး ဦးနှောက်နာ့ဗ်ကြောများကို ပိုမိုလှုပ်ရှားမှု ဖြစ်စေကြောင်းသိရသည်။

အကြံပြုတိုက်တွန်း

သာမန်ထက်အလှအပခုံမင်သူများ အနေဖြင့် နာ့ဗ်ကြောများ ထိခိုက်မှုပိုမိုများပြားစေသကဲ့သို့ အာရုံကြောထိခိုက်မှုလည်းရှိနိုင်သဖြင့် သတိပြုသင့်ကြောင်း အကြံပြုထားသည်။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင် မိသားစုများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် နယ်မြေနှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဗိုလ်ကြီးတင်မြင့်(ငြိမ်း)က အဖွဲ့ဝင် ဗိုလ်ကြီးကျော်လှိုင်(ငြိမ်း)အား ထောက်ပံ့ငွေပေးအပ်စဉ်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

မိုင်းဖြတ်စည်ပင် မြို့သန့်ရှင်းသာယာရေး စုပေါင်းရှင်းလင်း

မိုင်းဖြတ် မတ် ၄

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၄ရက်က မြို့ဝင်ဆိုင်းဘုတ် နှစ်ခုအကြား ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာချုံနွယ်များကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းရှင်းလင်းကြရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြတ်ဇော်လင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

မြန်မာ့အလင်း — သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် မတ် ၄

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ အာစရိယပူဇော်ပွဲ

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၁၀ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၀၃၇၂နှင့် ၀၉-၅၀-၈၂၄၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

လှူငယ်(ရေကြောင်း) မြတ်ဆရာပူဇော်ကြမည်

လှူငယ်(ရေကြောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဗဟန်းမြို့နယ် ကြားတောရလမ်းမကြီး နေမွှောရုံ(ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်)၌ မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၄၆၄၉၅နှင့် ၂၄၉၇၄၉ တို့သို့ဆက်သွယ်နိုင်သည်။

စက်မှု(၁)အထူးဈေးရောင်းပွဲတော်ကျင်းပ

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်း အလုံမြို့နယ် သီရိမင်္ဂလာအားကစားကွင်း၌ မတ် ၁ရက်မှ ၇ရက်အထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းရောင်းချလျက်ရှိသည်။

မန္တလေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲ၊ စာပေဆုရသူများနှင့် ရုပ်ရှင် အကယ်ဒမီဆုရ မန္တလေးမှ အနုပညာရှင်များအား ဂုဏ်ပြုပွဲတို့ကို မတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ် ၆၂၈/၆၃၂ ပထမထပ် အသင်းတိုက် ရတနာပုံ အနုပညာခန်းမဆောင် ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများ ဖုန်း-၃၈၈၆၈၃နှင့် ၃၇၅၅၉၄ တို့သို့ ဆက်သွယ်နိုင်သည်။

ကွန်ပျူတာပညာလက်တွေ့ သရုပ်ပြပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) ကကြီးမှူး၍ ကွန်ပျူတာစွမ်းရည်မြှင့်တင်ခြင်း Over Clocking ပြုလုပ်ခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြရှင်းလင်းပွဲ Work Shop ကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅တွင် မတ် ၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် Golden Power Technology မှ ပညာရှင်များက ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်သည်။

ပညာဒါနသင်တန်းများဖွင့်မည်

ဘာသာစကားပြောသင်တန်းများ၊ အခြေခံအီလက်ထရွန်နစ်ပညာ၊ အခြေခံစာရင်းကိုင်နှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းများကို အေးသာယာလမ်းနှင့် မိုးကောင်းလမ်းထောင့် အဝိုင်းလေးဘောက်ထော်မှတ်တိုင် မာန်အောင်ရပ်ကွက် တာမွေမြို့နယ်ရှိ စာသင်ဆောင်၌ ပညာဒါနဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၄၀၀၁၆၃ သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်သည်။

ဂျပန်ပြန်ပညာသင်ဟောင်းများ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း(MAJA) ၏ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါပဟိုတယ်အပေါ်ဆုံးထပ်၌ မတ်၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အထက(၄) သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ယခင် အလက(၁) ယခု အထက(၄) သင်္ဃန်းကျွန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၅၇၇၉၀၈ နှင့် ၅၇၂၃၉၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်ပန်းတောင်းအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မွှောရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၌ မတ်၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၉၄၇၂ နှင့် ၂၄၀၀၄၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

အီလက်ထရွန်နစ်အထူးဈေးရောင်းပွဲကျင်းပ

အီလက်ထရွန်နစ်ပစ္စည်း တံဆိပ်မျိုးစုံ၏ နွေဦးအထူးဈေးရောင်းပွဲကို ဈေးနှုန်းသက်သာစွာဖြင့် အမှတ် ၅၂၀ ကမ္ဘာအေးဘုရားလမ်း ရွှေဂုံတိုင် ဗဟန်းမြို့နယ် Excel Treasure Tower ၌ မတ် ၁ရက်မှ ၃၁ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

5-3 (06).pmd 1 3/5/2009, 2:03 AM

ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်အား အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှအဖွဲ့ဝင်များ တွေ့ဆုံ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်အား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ မန်နေဂျာများဖြစ်ကြသည့် Lt. Col. A K Dey၊ Lt. Col. Gurubaksh Singh နှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟုသီရိဗိမာန်ညှိနှိုင်းခန်းမသို့ သွားရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်း မန်နေဂျာ Lt. Col. A K Dey တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ် (၈)ကြိမ်မြောက် မြန်မာ-အိန္ဒိယတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းအုပ်ကြီးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

၂၀၀၉ ခုနှစ် (၈)ကြိမ်မြောက် မြန်မာ-အိန္ဒိယတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းအုပ်ကြီးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နှုတ်ဆက်

ရှေးဦးစွာ တပ်မတော်ဘောလုံးကော်မတီ ဥက္ကဋ္ဌနှင့် အိန္ဒိယတပ်မတော် ဘောလုံးအသင်းမန်နေဂျာတို့က အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ကြပြီး မြန်မာအမျိုးသမီးငယ်များက ပန်းစည်းများပေးအပ်ကြသည်။

ယှဉ်ပြိုင်ကစား

ယင်းနောက် အားကစားသမားများက ချစ်ကြည်ရေးအလံများ လဲလှယ်ကြပြီး မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြသည်။

ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲအပြီးတွင် အိန္ဒိယတပ်မတော်ဘောလုံးသမားများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ - အိန္ဒိယချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၄

၂၀၀၉ခုနှစ် (၈)ကြိမ်မြောက် မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့တပ်မတော် ဘော်လီဘောကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပန်းစည်းများပေးအပ်

ရှေးဦးစွာ မြန်မာ့တပ်မတော် ဘော်လီဘောကော်မတီ ဥက္ကဋ္ဌနှင့် အိန္ဒိယတပ်မတော် ဘော်လီဘောအသင်းမန်နေဂျာတို့က အားကစားသမားများအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်ကြပြီး မြန်မာအမျိုးသမီးငယ်များက ပန်းစည်းများပေးအပ်ကြသည်။

ယင်းနောက် အားကစားသမားများက ချစ်ကြည်ရေးအလံများနှင့် အမှတ်တရလက်ဆောင်များ လဲလှယ်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော် ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော် ဘော်လီဘောအသင်းတို့ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြသည်။

အမှတ်တရလက်ဆောင်

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲအပြီးတွင် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းသို့ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ

၂၀၀၉ ခုနှစ် (၈)ကြိမ်မြောက် မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပစဉ်။ (သတင်းစဉ်)

5-3 (07).pmd 1 3/5/2009, 2:03 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများသည် နိုင်ငံတော်၏ မူဝါဒများ၊ ရည်မှန်းချက်များကို လက်တွေ့ဖော်ဆောင်လျက်ရှိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည်သူများ နားလည်လက်ခံလိုက်ပါဆောင်ရွက်လာအောင် စည်းရုံး

ပြည်သူများ၏ ချစ်ခင်လေးစားမှု၊ ယုံကြည်အားကိုးမှုရှိအောင် ကျင့်ကြံနေထိုင်

လုပ်ထုံးလုပ်နည်း မှန်မှန်ကန်ကန်ဖြင့် တာဝန်ကို ကျေပွန်အောင်၊ လုပ်ငန်းကျွမ်းကျင်အောင် ကြိုးစား

နေပြည်တော် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မတ် ၃ရက် နံနက် ၁၁နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်ဆန်မြို့နယ်မြို့မိမြို့ဖများ၊ မန်တုံမြို့နယ်မြို့မိမြို့ဖ ဦးအိုက်မုန်းနှင့်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က နမ့်ဆန်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် မြို့နယ်အတွင်း လက်ဖက်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က နမ့်ဆန်-ကျောက်မဲ၊ နမ့်ဆန်-သီပေါ၊ နမ့်ဆန်- မန်တုံလမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်မည့် အခြေအနေနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် စီမံကိန်းများချမှတ်လုပ်ဆောင်မှု အခြေအနေ၊ နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံသုံးပစ္စည်းများဖြည့်ဆည်းပေးမှု၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကြိုတင်ကာကွယ်ရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ HIV ရောဂါများ ပပျောက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးစား

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးကဏ္ဍအဆင့်မြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် မတ် ၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲနှင့် သီပေါမြို့နယ်တို့သို့သွားရောက်ခဲ့ပြီး ဒေသတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ယင်းတို့တာဝန်ယူနေကြသည့် မြို့နယ်များ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြကြောင်း၊ မိမိကိုယ်တိုင်လည်း အချို့နေရာများအထိ သွားရောက်စစ်ဆေးခဲ့ကြောင်း။

အဆင့်မြှင့်

အလားတူပင် ယနေ့လည်း နမ့်ဆန်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နမ့်ဆန်မြို့နယ်သည် သွားလာရန်ခက်ခဲသည့် မြို့နယ်တစ်ခုဖြစ်၍ ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ခုတင် ၅၀ဆံ့ ဆေးရုံတစ်ရုံ အဆင့်မြှင့်တည်ဆောက်ပေးနိုင်ရေးအတွက် မြေနေရာရွေးချယ်၍ တည်ဆောက်ပေးရန်ဖြစ်ကြောင်း။

ထို့ပြင် နမ့်ဆန်-ကျောက်မဲ၊ နမ့်ဆန်-သီပေါ၊ နမ့်ဆန်-မန်တုံ ကားလမ်းများကို ရာသီမရွေး သွားလာနိုင်မည့် ကားလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးသွားရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် ဖြစ်ကြောင်း၊ ယခုမိမိလာရောက်သည့် ခရီးစဉ်တွင် နမ့်ဆန်ဒေသနေ တိုင်းရင်းသားများအတွက် အထူးတိုက်တွန်းမှာကြားလိုသည်မှာ ယနေ့အချိန်အခါသည် လက်ဖက်ရွက်ကို ရေနွေးကြမ်းအဖြစ် သောက်သုံးရုံမျှသာမကတော့ဘဲ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများတွင်လည်း ကုန်ကြမ်းအဖြစ် ထည့်သွင်းအသုံးပြုပြီး တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ နမ့်ဆန်မြို့နယ်သည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်၍ ယခုလိုအချိန်တွင် မိမိတို့တွင်ရှိပြီးသား လက်ဖက်စိုက်ခင်းများကို လိုအပ်သည့်နည်းပညာဖြင့် အရင်းအနှီးများပေါင်းစပ်ပြီး စီးပွားဖြစ် စိုက်ခင်းကြီးများထူထောင်၍ တန်ဖိုးမြင့် ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချနိုင်သည့် အခွင့်အလမ်းကောင်း ရရှိနေသည့်အတွက် ထိုအခွင့်အလမ်းကောင်းကို အသုံးချနိုင်ရေး ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုးပြီး ဧကတွင် တစ်နိုင်ငံလုံး၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ဤဒေသတွင် ရှိပြီးဖြစ်သည်ကိုသိရှိပြီး လက်ဖက်အရည်အသွေးကောင်းများ ထွက်ရှိရေးအတွက် လက်ဖက်စိုက်ခင်းများကို ပြုပြင်ပေးသွားရန် လိုကြောင်း။

ဆက်စပ်ကူညီ

လက်ဖက်နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများ တိုးတက်ရန် စိုက်ပျိုးသူတောင်သူနှင့် ဝယ်ယူရောင်းချသူတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်အားစိုက်ထုတ်သည့် တောင်သူများ ရသင့်ရထိုက်သည်များ ရရှိစေရေးနှင့် အရင်းအနှီး စိုက်ထုတ်ရသည့် ဝယ်သူတို့ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်လည်း ဝန်ထမ်းအပိုင်းက ဆက်စပ်ကူညီပေးသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့နိုင်ငံတော်တစ်ဝန်းလုံးကို လွှမ်းခြုံပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို ကဏ္ဍစုံမှ တည်ဆောက်ပေးထားပြီးဖြစ်ရာ အဆိုပါ အခြေခံကောင်းများကို ပြည်သူများ အကျိုးရှိရှိအသုံးချလာစေရန် ဝန်ထမ်းများက ဦးဆောင်စည်းရုံးအားပေးသွားကြရန် မှာကြားလိုကြောင်း၊ ယခုမိမိအနေဖြင့် နိုင်ငံတော်ကိုယ်စား ဒေသအသီးသီးတွင်တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အထူးမှာကြားလိုသည်မှာ -

- **ဝန်ထမ်းများသည် နိုင်ငံတော်၏မူဝါဒများ၊ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးစီးပွား အမှန်တကယ်ဖြစ်ထွန်းစေရမည်ဆိုသည့် စေတနာအရင်းခံဖြင့် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် ပြည်သူများက နားလည်လက်ခံပြီး လိုက်ပါဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်ကြပါ။**
- **ပြည်သူ၏ချစ်ခင်လေးစားမှု၊ ယုံကြည်အားကိုးမှုရှိအောင် ကျင့်ကြံနေထိုင်ကြပါ။**
- **လုပ်ထုံးလုပ်နည်း မှန်မှန်ကန်ကန်နှင့် တာဝန်ကို ကျေပွန်အောင်၊ လုပ်ငန်းကို ကျွမ်းကျင်အောင် အမြဲကြိုးစားကြပါ။**
- **မိမိတို့တာဝန်မှာ ပြည်သူကို အလုပ်အကျွေးပြုရန်သာဖြစ်သည်ကို အမြဲသတိပြု ဆောင်ရွက်ကြပါ** ဟု မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၀၉ ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀ ၅။ အကပဒေသာ
၈း၁၅ ၆။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၀ ၈။ တေးဂီတအစီအစဉ်
၈း၅၀ ၉။ အတီးပြိုင်ပွဲ

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ **တစ်လောကလုံးလင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္စာဦး၊ ဝါဝါအောင်၊ ဇကော်ဖူးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၅း၀၀ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(စိတ်ကြိုက်မြန်မာစာ)
၅း၂၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၅ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ကလေးချီနည်း** ကျော်စိုး၊ စိုးရန်အောင်၊ ဇော်ဇော်အောင်၊ နှင်းယုဆွေ၊ ရွှေပန်းချီ၊ ဥမ်းပုံကြီး (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၅၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း**(အပိုင်း-၅၇)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၅)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၄)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် မတ်လအတွက်

၈-၃-၂၀၀၉ ရက်နေ့

နှင့်

၂၉-၃-၂၀၀၉ ရက်နေ့

✻ ရှေ့ဖုံးမှ

လာမည့် လက်ဖက်ရာသီတွင် လက်ဖက်ထုတ်လုပ်မှု လုပ်ငန်းများကို စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းပြုပြင်မွမ်းမံမှု လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ဇယန်းကြီးရပ်ကွက်ရှိ ဇယန်းကြီး ကျောင်းတိုက်သို့ ရောက်ရှိပြီး ဇယန်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစနှင့်ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံနှင့်ဆေးရုံဝင်းအတွင်းရှိအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တွေ့ဆုံ

ထို့နောက် အတွင်းရေးမှူး(၁)သည် နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံမှ ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံသည်။

ရှေးဦးစွာဆေးရုံအုပ်ကြီးဒေါက်တာသန်းဌေးက ဆေးရုံ၌ လူနာများ တက်ရောက် ကုသမှုအခြေအနေနှင့် ဒေသတွင်းအဖြစ်များသည့် ရောဂါများအခြေအနေကို ရှင်းလင်းတင်ပြသည်။

နွေးထွေးကြင်နာ

ယင်းနောက် အတွင်းရေးမှူး(၁)က တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး လူနာများအား နွေးထွေးကြင်နာစွာ ကြိုဆိုကုသပေးရေး၊ ပြည်သူများက ယုံကြည်အားကိုးသည့် ဆေးရုံတစ်ရုံဖြစ်လာစေရန် ကုသရေးနှင့် ဆက်ဆံရေး အမြဲကောင်းမွန်နေစေရေး၊ ကျေးရွာများအထိ ကွင်းဆင်း၍ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်က ဆေးပစ္စည်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆေးပဒေသာပင် အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးက လက်ခံသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ဘုရားကြီးရပ်ကွက် အထက်မဟာမုနိဘုရားကြီးကုန်းတော်သို့ ရောက်ရှိကြပြီး ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇဝန္တအား ဖူးမြော်ကြည်ညိုကြကာ ဆရာတော် ဘဒ္ဒန္တတေဇဝန္တအား သင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် နမ့်ဆန်မြို့ မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် ဇနီးတို့သည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် မတ် ၄

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်(၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ သတ္တမနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်စိတ်ဓာတ်၊ ညီညာနွဲ့ပျော် မြန်မာ့တပ်မတော်၊ ကျန်ရှိတာဝန်ဒို့ကျေပွန်မည်၊ ပြည်ကျိုးမျှော်ရည် သားစစ်သည်၊ တွဲလက်ညီညီ ဂီတစစ်သည် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့ရဲ့မြန်မာ့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သား၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံလွှင့်တဲ့ ဒို့တပ်မတော်၊ စံပြဒို့တပ်မတော် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မြန်မာတို့ရဲ့တပ်မတော်၊ တပ်မတော်စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက ပြည်သူ့သားစစ်သည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ စံပြဒို့တပ်မတော် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့ စစ်ချီ သီချင်းများဖြင့် လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မြောက်ဦးနှင့် မင်းပြားမြို့နယ် လမ်းဖွင့်ပွဲများတက်ရောက်အားပေး

ရန်ကုန် မတ် ၄

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၂ရက် နံနက် ၇နာရီတွင် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် မြောက်ဦးမြို့နယ် မင်္ဂလာမာရ်အောင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ကျောက်ချောလမ်းသစ်

လမ်းဖွင့်ပွဲအခမ်းအနားသို့ တေဇာရာမ၊ ဆင်ချဆိပ်၊ ရွာဟောင်းတောကျေးရွာတို့မှ ကျေးလက်ပြည်သူများ တက်ရောက်ကြပြီး ယင်းကျောက်ချောလမ်းသစ်သည် အရှည် ပေ ၄၈၄၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၃၄သိန်းဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောက်ချောလမ်း ပြီးစီးသွားသဖြင့် ရတနာပုံ၊ တေဇာရာမ၊ ဆင်ချဆိပ်၊ ရွာဟောင်းတောကျေးရွာတို့မှ ကျေးလက်ပြည်သူများသည် မြောက်ဦးမြို့သို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်သည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆင်ချဆိပ်ကျေးရွာ ယာယီမဏ္ဍပ်၌ ဆင်ချဆိပ်၊ တေဇာရာမ၊ ရွာဟောင်းတော၊ ဘီလူးကန်၊ ရတနာပုံကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တက်ရောက်အားပေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် မင်းပြားမြို့နယ် ဝင်းဇား ကျေးရွာအုပ်စု၊ ဝင်းဇား-ငပုကွ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ (အပေါ်ပုံ)

အဆိုပါကျောက်ချောလမ်းသည် အရှည်ပေ ၄၃၀၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၂၆သိန်း အကုန်အကျခံကာ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငပုကွကျေးရွာ ယာယီမဏ္ဍပ်၌ ဝင်းဇား၊ ပွင့်ထီး၊ ကူးတို့ဆိပ်၊ ဆပ်ကျာ၊ သံရှင်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Myanmar Master ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသည့် မတ် ၁၂ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ကျင်းပမည့် ၂၀၀၉ခုနှစ် Myanmar Master ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မတ် ၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ့ဂေါက်သီးအားကစားတိုးတက် မြင့်မားလာရေးအတွက် ရည်ရွယ်သည့် မြန်မာနိုင်ငံတွင်ကျင်းပသော နိုင်ငံတကာဂေါက်သီး အကျော်အမော်များပါဝင်ကာ မြန်မာ့ဂေါက်သီး အကျော်အမော်များနှင့် ယှဉ်ပြိုင်ကစားကြမည့် ပြိုင်ပွဲဖြစ်သည့်အလျောက် ၂၀၀၉ ခုနှစ် Myanmar Master ဂေါက်ပြိုင်ပွဲ အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များက မိမိတို့တာဝန်ပိုင်းဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင် ဦးချမ်းဟန်တို့က ၂၀၀၉ခုနှစ် Myanmar Master ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုအသေးစိတ်ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံအတွင်းနှင့် ကမာရွတ်မြို့နယ် လှည်းတန်းမှတ်တိုင် ခရီးသည်နားနေဆောင်တို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား၊ လူထိခိုက်ဒဏ်ရာရမှုမရှိ ပြည်သူများအနေဖြင့် အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား သတိပြုဖော်ထုတ်သတင်းပေးပို့ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် မတ် ၄

ယမန်နေ့ည ၉နာရီ မိနစ် ၄၀ခန့်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဒုမ္မာပန်းခြံအတွင်း၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲ

ယင်းပေါက်ကွဲမှုကြောင့် ပန်းခြံ ခြံစည်းရိုးမှ အတွင်းဘက် ငါးပေခန့်အကွာတွင် အချင်းရှစ်လက်မ၊ အနက် လေးလက်မခန့် မြေချိုင့်ခွက်တစ်ခုဖြစ်ပေါ်ခြင်း၊ ပေါက်ကွဲရာအနီးရှိ ရေတမာပင်၏ပင်စည်နှင့် ခြံစည်းရိုးအုတ်ခုံတွင် အစအနများထိမှန်ခြင်း၊ ပဒုမ္မာလမ်းဘေးတွင်ရပ်ထားသည့် လိုက်ထရပ်ယာဉ် အမှတ် ၈ဃ/၅၉၆၂၏ ရှေ့ဝဲဘက် တံခါးမှန် ကွဲသွားခြင်းများဖြစ်ပေါ်ခဲ့ပြီး ပေါက်ကွဲရာအနီးတစ်ဝိုက်မှ အချင်းခြောက်မီလီမီတာရှိ စတီးလ်ဘောစေ့ ၁၆စေ့နှင့် ကိုးဗို့ဓာတ်ခဲဖင်ပိတ်သံပြားစ နှစ်စတွေ့ရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ ည ၁၁နာရီ ၅မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်းမရှိ လှည်းတန်းမှတ်တိုင် ခရီးသည်နားနေဆောင် ထိုင်ခုံအောက်မှ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

တွေ့ရှိ

အဆိုပါပေါက်ကွဲမှုကြောင့် ခရီးသည်နားနေဆောင်နောက်ဘက်တွင် အချင်းရှစ်လက်မ၊ အနက်လေးလက်မခန့် မြေချိုင့်ခွက်တစ်ခုဖြစ်ပေါ်ခြင်း၊ ကွန်ကရစ်ခုံတန်းလျားအောက်ခြေ အနည်းငယ်ပဲ့ထွက်ခြင်း၊ သွပ်အမိုးတွင် အပေါက်ငယ်များ ဖြစ်ပွားခြင်း၊ မျက်နှာကြက်သုံးထပ်သားများပျက်စီးခြင်း၊ အနီးရှိကွန်ပျူတာစာစီမိတ္တူဆိုင်၏ မှန်တစ်ချပ် ကွဲအက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး ပေါက်ကွဲရာအနီးတစ်ဝိုက်မှ AA အရွယ်အစား ပါဝါတံဆိပ်ဓာတ်ခဲနှစ်လုံးနှင့် အချင်း ခြောက်မီလီမီတာရှိ စတီးလ်ဘောစေ့ ရှစ်စေ့တွေ့ရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်စဉ်နှစ်ခုစလုံးတွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

တိုက်တွန်းနှိုးဆော်

ယင်းပေါက်ကွဲမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများက စစ်ဆေးဖော်ထုတ်လျက်ရှိပြီး အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက် အဖျက်သမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင့်လောင်သောမီး စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၄

အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်၏ ရေကြောင့်လောင်သောမီးအပါအဝင် ဝတ္ထုတို ၁၃ပုဒ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က စုစည်းထုတ်ဝေလိုက်သည်။ **(အောက်ဝဲပုံ)**

အဆိုပါစာအုပ်တွင် အပေးအယူ၊ အပူအအေး၊ ဈေးဦးပေါက်၊ ထမင်းရှင်၊ သူ့ဘဝနှင့် သူ့အမြင်၊ ကလေးတို့ဆရာမ၊ ပြောင်းလဲနေသောပုံရိပ်များ၊ ပျောက်သော ဆရာရှာဖွေလျက်၊ ဓားစွမ်းနှင့် လူစနေရာ၊ သူငယ်ချင်း ဆိုသည်မှာ၊ ကိုယ့်ထက် သာစေချင်ပါသည်၊ သောကြာနေ့မှာတွေ့ကြမယ်၊ ရေကြောင့်လောင်သောမီး အစရှိသော ဝတ္ထုတိုများပါဝင်သည်။ အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁)၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ၊ ရန်ကုန်ဖုန်း-၃၇၄၅၃၂နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁)ရန်ကင်းရှေ့ သစ္စာလမ်းမကြီး ဖုန်း-၇၂၅၅၃၀နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ-ပရီလိဂ် ပြောင်းလဲရေး ပဏာမခြေလှမ်းစတင်ပြီ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြည်တွင်းဘောလုံးပွဲကို ပရီလိဂ်ပုံစံဖြင့် ကူးပြောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ သတင်းနှင့် မီဒီယာများအား ပထမဆုံးအကြိမ် တရားဝင် တွေ့ဆုံရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖြေကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပရီလိဂ်ဖြစ်သော Myanmar National League ကျင်းပရေးအတွက် အသေးစိတ် စီစဉ်ဆောင်ရွက်ခဲ့မှုများ၊ ပရီအသင်းများဖြင့် ဖွဲ့စည်းစေမည့်ပုံစံများ၊ ပရီပြိုင်ပွဲများ ကျင်းပမည့်ပုံစံများနှင့်ပတ်သက်၍ ပရီဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော ပရီလိဂ်ပုံစံကူးပြောင်းနိုင်ရေးအတွက် နိုင်ငံ့အကြီးအကဲများထံ တင်ပြ၍ ညွှန်ပြမှုခံယူခဲ့ပြီး FIFA, AFC, AFF တို့အပါအဝင် တောင်ကိုရီးယား၊ ဂျပန်နှင့် ပရီစနစ်ကျင့်သုံးလျက်ရှိသော အာဆီယံနိုင်ငံအချို့က ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ကျွမ်းကျင်သူများနှင့် အကြိမ်ကြိမ်တွေ့ဆုံ အကြံဉာဏ်များရယူကာ မြန်မာ့ဘောလုံးနှင့် အသင့်တော်ဆုံးနှင့် အဆင်ပြေဆုံးဖြစ်သည့် နိုင်ငံတကာအဆင့်မီ ပရော်ဖက်ရှင်နယ်စနစ် စည်းမျဉ်းစည်းကမ်းဥပဒေများ စနစ်တကျရေးဆွဲကာ အကြီးအကဲများထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထပ်မံအတည်ပြု

ထို့အပြင် မတ် ၄ ရက် နံနက် ၁၀ နာရီတွင်လည်း မြန်မာဘောလုံးရေးရာ ကျွမ်းကျင်သူများ၊ ဝါရင့်အားကစားကလောင်ရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူကာ ထပ်မံအတည်ပြုခဲ့ခြင်းဖြစ်သည်။

ပရီလိဂ် ပထမအဆင့်အနေဖြင့် ယခုနှစ် ၂၀၀၉တွင် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်ကြီးရှစ်ဦးအား ပရီပုံစံစနစ်ဖြင့် ပရီအသင်းများ ဖွဲ့စည်းစေ၍ Pro League Cup ပြိုင်ပွဲပုံစံဖြင့် ဦးစွာကျင်းပသွားမည်ဟု သိရသည်။

စတင်ပြုလုပ်ခွင့်ပြုမည်

ပရီအသင်းများအနေဖြင့် မြန်မာပရီလိဂ် MNL မှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်တွင်းပြည်ပ အားကစားသမားများနှင့် နည်းပြများအား ညှိနှိုင်းခေါ်ယူခွင့်ပြုမည်ဖြစ်ပြီး မတ် ၅ ရက်**(ယနေ့)**မှစတင်၍ Player Contract များ စတင်ပြုလုပ်ခွင့်ပြုမည်ဟု သိရသည်။

မတ် ၄ ရက် ညနေပိုင်းတွင် ဆီဒိုးနားဟိုတယ်၌ ပြည်တွင်းရှိကလပ်အသင်းများ အားလုံးမှ အသင်းသားများ၊ ပရီအသင်းရှစ်သင်းမှ အသင်းပိုင်ရှင်များ၊ အကြီးအကဲများ၊ အသင်းသားများအားလုံးကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယခုပထမနှစ်တွင် စတင်ဖွဲ့စည်းမည့် Pro အသင်းများနှင့် အသင်းပိုင်ရှင်များမှာ-

(၁)	Yangon United FC	ဦးတေဇ
(၂)	Kanbawza FC	ဦးအောင်ကိုဝင်း
(၃)	Yadanarpon FC	ဒေါက်တာစိုင်းဆမ်ထွန်း
(၄)	Magway FC	ဦးထွန်းမြင့်နိုင်
(၅)	Southern Myanmar United FC	ဦးငွေးမြင့်
(၆)	Okkthar United FC	ဦးအောင်မိုးကျော်
(၇)	Delta United FC	ဦးချစ်ခိုင်
(၈)	Zeya Shwe Myay FC	ဦးဝင်းမြင့်

ပါဝင်ပူးပေါင်း

ဘောလုံးအားကစားသည် မြန်မာပရိသတ် သည်းခြေကြိုက် ကစားနည်းဖြစ်သကဲ့သို့ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားအားကစားဖြစ်သောကြောင့် မြန်မာ့ဘောလုံး တစ်ခေတ်ဆန်းသစ်လာစေမည့် ပရီလိဂ်ကူးပြောင်းမည့်ကိစ္စကို တစ်မျိုးသားလုံးက ကြိုဆိုထောက်ခံကြမည်ဖြစ်ရာ Myanmar National League ဟု အမည်ရသော မြန်မာပရီလိဂ်ပြိုင်ပွဲကြီး အောင်မြင်စွာ ပေါ်ထွန်းလာရန်နှင့် ပရီစနစ်ကူးပြောင်းသည့် အသီးအပွင့်များ ခံစားခွင့်ရရှိလာနိုင်စေရန် ဘောလုံးကို စိတ်ဝင်စားသူ နိုင်ငံအပေါ် ချစ်မြတ်နိုးသည့် အလွှာအသီးသီးမှ နိုင်ငံသားအားလုံးက စုစည်းညီညွတ်စွာ ပါဝင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ **(မြန်မာ့အလင်း)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၉ ရက်
(ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**တောင်ဘို့ပမာကိုယ်ခန္ဓာ** တရားတော် အပိုင်း(၁) (ရေနံချောင်းဆရာတော် ဘဒ္ဒန္တ ဇနိတ)
၇:၅၀-၁:၅၀	ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ)
၈:၁၅-၂:၁၅	အနုပညာမိုးကောင်ကင်
၈:၄၀-၂:၄၀	အမြင်သစ်စာပေ၏ ရှားပါးစာအုပ်ပြပွဲ
၈:၅၀-၂:၅၀	တေးဂီတအစီအစဉ်
၈:၅၅-၂:၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ဖူးတံဝင့်ချီ ပွင့်တော့မည် ပြုံးပန်းတွေဝေစည်
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	သက်ကြီး မသန်စွမ်းကျောင်း၏ အသက်မွေးမှု ပညာရပ်များ
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀	သီးနှံစိုက်ပျိုးအထွက်တိုး **မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ**
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	**စားချင်စဖွယ်နည်း အသွယ်သွယ်** ကွာလာလမ်ပူမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များ အကြောင်း
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	Movie Mistakes (The Mask)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမျိုးသူနှင့် တွေ့ဆုံခြင်း)
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မီးများမီးနိုင်**
၁၂:၂၅-၆:၂၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် (ဒေါက်တာအေးကျော်) (ဇီဝကမ္မဗေဒ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV- 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၀၉ ခုနှစ် နွေရာသီ အေရိုးဗစ် အားကစား သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (အားကစား)

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၄

ယနေ့နံနက် ၉ နာရီခွဲအချိန်တွင် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ ခုနှစ် မတ်လ ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် ၂၀၀၉ ခုနှစ် မတ် ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး လူရွေးခြေစမ်းပွဲ ဒုတိယပွဲစဉ်ဆက်လက်ကျင်းပ

➢ သတင်းမှတ်တမ်း - ဖိုးသော်ဇင် ➢ ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့်
➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး လူရွေးခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက အောင်ဆန်းကွင်းတွင် ဆက်လက် ကျင်းပရာ ဂိုးမရှိသရေကျသွားပါတယ်။

ပဏာမလက်ရွေးစင်(ဂ) - ဂိုးမရှိ
ပဏာမလက်ရွေးစင်(ဃ) - ဂိုးမရှိ

လူစုံထုတ်သုံး

လူရွေးပွဲပထမပွဲစဉ်တုန်းက လက်ရွေးစင်ကစားသမား အများစုကို အနားပေးထားခဲ့ပေမယ့် အခုပွဲမှာတော့ လူစုံတက်စုံ ထုတ်သုံးသွားခဲ့ပါတယ်။ ပဏာမလက်ရွေးစင်(ဂ)အသင်းမှာ ရာဇာဝင်းသိန်း၊ အေးဆန်း၊ အောင်မျိုးသန့်၊ ကျော်ဇင်ထက်၊ ခင်မောင်လွင်၊ မိုးဝင်း၊ မျိုးမင်းထွန်းတို့ ပါဝင်လာသလို ပဏာမလက်ရွေးစင်(ဃ)အသင်းမှာလည်း ထွန်းထွန်းဝင်း၊ ပိုင်စိုး၊ ကျော်သီဟနဲ့ စည်သူသန်းတို့ ပါဝင်ကစားခဲ့ကြပါတယ်။

တစ်ဦးချင်းစွမ်းရည်

လူရွေးပွဲဖြစ်တာမို့ ကစားသမားတွေကို စမ်းသပ်ပွဲထုတ်နေတာကြောင့် အခုပွဲဟာ ပထမပွဲလောက် အပြန်အလှန်မရှိခဲ့ပါဘူး။ ဒါပေမယ့် ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ဟာ အားရစရာ

မရှိခဲ့သလို အပိုင်ဂိုးသွင်းခွင့်တွေလည်း ဂိုးရအောင် အသုံးချနိုင်ခြင်း မရှိခဲ့ပါဘူး။ အထူးသဖြင့် ဒုတိယပိုင်းမှာ နှစ်သင်းစလုံး ဂိုးသွင်းခွင့်တွေ ရခဲ့ပေမယ့် အကြိမ်ကြိမ် လွဲချော်ခဲ့ကြပါတယ်။ မိနစ် ၇၀ မှာ ပဏာမလက်ရွေးစင် (ဂ)အသင်းမှ အောင်ကျော်မျိုးက ဂိုးသမား မျိုးကျော်အောင်ကို လိမ်ပြီးကန်သွင်းပေမယ့် ဘေးထွက်သွားသလို ၇၈ မိနစ်မှာ အောင်မိုးကလည်း ဂိုးရနိုင်တဲ့ အခွင့်အရေးကို လွဲချော်ခဲ့ပါတယ်။ ပဏာမလက်ရွေးစင်(ဃ)အသင်းကတော့ ထူးကျော်၊ ရဲဝေယံစိုး၊ ထွန်းလင်းအောင်နဲ့ နေဇော်ထက်တို့ အပိုင်ဂိုးသွင်းခွင့်တွေရပေမယ့် ဂိုးသမား ဟိန်းကျော်သူ ကာကွယ်သွားခဲ့လို့ ဂိုးမရှိသရေနဲ့ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။

တားဆီး

ပဏာမလက်ရွေးစင်(ဃ)အသင်းမှ တင်ဇော်မိုး၏ ဂိုးသွင်းရန် ကြိုးစားမှုကို ပဏာမလက်ရွေးစင်(ဂ) အသင်းမှ မိုးဝင်း တားဆီးခဲ့စဉ်။
(မြန်မာ့အလင်း)

ပါဝင်ကစား

ပဏာမလက်ရွေးစင်(ဂ)အသင်းတွင် **ဂိုး**-ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ **နောက်တန်း**-မျိုးဇော်ထွန်း၊ အောင်ကျော်ဦး၊ မိုးဝင်း၊ အောင်သိုက်၊ အေးဆန်း၊ ခင်မောင်လွင်၊ **အလယ်တန်း**-စိုးသီဟအောင်၊ ဘိုဘိုအောင်၊ အောင်ကျော်မျိုး၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ အောင်မိုး၊ **ရှေ့တန်း** - ရာဇာဝင်းသိန်း၊ ပြည့်ဖြိုးဦးနှင့် ခိုင်ဇော်ထွန်းတို့ ပါဝင်ကစားခဲ့ပြီး ပဏာမလက်ရွေးစင်(ဃ)အသင်းမှာ **ဂိုး** - ဇော်မိုးထက်၊ မျိုးကျော်အောင်၊ **နောက်တန်း** - ကောင်းမြတ်ဦး၊ မျိုးဝင်းထွဋ်၊ လင်းလင်းထွေး၊ ဝင်းမင်းထွဋ်၊ ဇော်မျိုးထွန်း၊ ကျော်ကျော်မျိုး၊ **အလယ်တန်း**-ပိုင်စိုး၊ တင်ဇော်မိုး၊ နေဇော်ထက်၊ ထွန်းထွန်းဝင်း၊ တင်ဝင်းအောင်၊ ကျော်သီဟ၊ ထွန်းလင်းအောင်၊ **ရှေ့တန်း**-စည်သူသန်း၊ ရဲဝေယံစိုးနဲ့ စိုးမင်းဦး၊ ထူးကျော်တို့ ပါဝင်ကစားကြပါတယ်။

ဆက်မည်

လူရွေးပွဲတတိယပွဲကိုမတ် ၆ ရက်တွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ — ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။

(၂) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) — ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၃) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) — ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ဘင်နီတက်ဇ်တို့ အိမ်ကွင်း၌နိုင်ပွဲရပြီး သုံးမှတ်အပြည့်ယူ ချယ်လ်ဆီးတို့ အဝေးကွင်းတွင်အနိုင်ရ

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မတ် ၄

ပရီမီယာလိဂ်ပွဲစဉ် (၂၈)ကို မတ်၄ရက်က ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးတို့က ဆန်းဒါးလန်းကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူခဲ့ပြီး မန်ယူကို ဖိအားပေးမှု မလျှော့ဘူးဆိုတာ ပြသလိုက်ပါတယ်။

ဒီပွဲအနိုင်ရရှိခဲ့ခြင်းဟာ လီဗာပူး ဂိုးသမား ရေးနာကာကွယ်နိုင်မှုတွေလည်း ပါရှိနေပါတယ်။ ဒါ့အပြင် ဒီပွဲမှာ ဂျရတ်ဟာ လီဗာပူးအတွက် ခြေပေါ်အောင် ကစားနိုင်ခဲ့လို့ ပွဲအပြီးမှာ ပွဲစဉ်အလိုက်

အကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိခဲ့ပါတယ်။

မလွယ်ကူ

ဒီပွဲအနိုင်ရမှုနဲ့ပတ်သက်ပြီး လီဗာပူး နည်းပြ ဘင်နီတက်ဇ် **(အပေါ်ပုံ)**က ''ကျွန်တော်တို့ ပရီမီယာလိဂ်ဖလားရရှိရေး စည်းဝိုင်းအတွင်းက မထွက်သေးပါဘူး။ မန်ယူအသင်းလည်း ပွဲတိုင်းအနိုင်ရဖို့ မလွယ်ပါဘူး။ သူတို့ခြေချော်လက်ချော်လည်း ရှိနိုင်တဲ့ပွဲတွေ ကြုံတွေ့ဦးမှာပါ။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ အသင့်ရှိနေဖို့အတွက် ပွဲတိုင်းအနိုင်ကစားရတော့မှာပါ'' လို့ ပြောကြားခဲ့ပါတယ်။

အခွင့်အရေးရှိ

ဒီပွဲမှာ ဆန်းဒါးလန်းကို နိုင်ပွဲရရှိအောင် ဒက်ကွတ်၊ အလွန်ဆို၊ ဂျရတ်နဲ့ ဘီနာယောင်တို့ကို အဓိကထားပွဲထုတ်ကစားစေခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာလီဗာပူးတို့ ပထမပိုင်းပွဲချိန်မှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ဘင်နီတက်ဇ်ကတော့ ပရီမီယာလိဂ်ဖလားအတွက် အခွင့်အရေးများရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒီလိုပါပဲ ပို့စ်မောက်နဲ့ ချယ်လ်ဆီးအသင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တဲ့အတွက် ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်က '' အသင်းနဲ့ အသားကျအောင် ပြင်ဆင်နေရပေမယ့် ရလဒ်ကောင်းအောင် ကြိုးစားနေပါတယ်။ ပို့စ်မောက်အသင်းကို ဒီထက်ဂိုးပြတ်သင့်ပေမယ့် သူတို့ ခြေစွမ်းကကောင်းနေတော့ နိုင်ပွဲရအောင် အတော်ကြိုးစားခဲ့ရတယ်။ ကျွန်တော်တို့ ပရီမီယာလိဂ်ဖလား မျှော်လင့်ချက် ရှင်သန်နေဆဲပါပဲ'' လို့ ပြောကြားသွားပါတယ်။

ဝက်စ်ဘရွန်းနဲ့ အာဆင်နယ်တို့ပွဲမှာတော့ သရေပွဲတွေများနေတဲ့ အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာကြောင့် တန်းစီဇယားမှာ နေရာအပြောင်းအလဲ မရှိပါဘူး။ ဒီပွဲမှာ နိုင်ပွဲရရှိခဲ့တဲ့ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ''ကျွန်တော်တို့ ရလဒ်ကောင်းအောင် ကြိုးစားနေပါတယ်။ အသင်းရဲ့ရပ်တည်မှုအနေအထား ဒီထက်

ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်။

ပိုကောင်းအောင် ကြိုးစားနေပါတယ်'' လို့ ပြောကြား သွားပါတယ်။

ဒါ့အပြင် မိမိတို့ရဲ့ပထမဆုံး မျှော်လင့်ချက်ကတော့ ပွဲတိုင်းအနိုင်ရအောင် ကြိုးစားနေပါကြောင်း ပြောကြားသွားပါတယ်။ **(အင်တာနက်)**

တူရင်းပြေးခုန်ပစ်၌ ယှဉ်ပြိုင်ရန်အသင့်ရှိနေ ဗြိတိသျှလက်ဆင့်ကမ်းအပြေးသမား ဂါလန်ဖွင့်ဟ

လန်ဒန် မတ် ၄

ဗြိတိန်နိုင်ငံ ဂူအမ်ဆေးကျွန်းဆွယ်မှ ဗြိတိသျှအပြေးသမား ဒါလီဂါလန်သည် တူရင်းမြို့၌ ကျင်းပမည့် ဥရောပအင်ဒိုးချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ရွှေတံဆိပ်ဆုဆွတ်ခူး

ဘရစ်ချ်ဖီးလ်ဒ်ဟာရီယာ ပြေးခုန်ပစ်အဖွဲ့သည် လွန်ခဲ့သည့်နှစ်က ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော ဗြိတိန်လက်ဆင့်ကမ်းပြေးအသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဘက်ခမ်း၏အငှားစာချုပ် အေစီမီလန်တိုးမြှင့်ချုပ်ဆိုလို

လန်ဒန် မတ် ၄

အေစီမီလန်အသင်းသည် လော့စ်အိန်ဂျလိစ်ဂလက်ဆီအသင်းမှ ဒေးဗစ်ဘက်ခမ်း**(အပေါ်ပုံ)**ကို လာမည့်နှစ်တွင် အမြဲတမ်းစာချုပ် မချုပ်ဆိုမီ ၎င်း၏ အငှားစာချုပ်ကို ဇွန်လအထိ တိုးမြှင့်ချုပ်ဆိုလိုသည်ဟု သတင်း၌ဖော်ပြသည်။

အသက်၃၃နှစ်ရှိ ဘက်ခမ်းသည် မတ် ၉ရက်၌ ဂလက်ဆီအသင်းသို့ ပြန်သွားရမည်ဖြစ်သည်။ **(အင်တာနက်)**

ဂေါက်သီးသမားကလာကီ မာစတာပြိုင်ပွဲတွင် နေရာရရန်မျှော်မှန်း

လန်ဒန် မတ် ၄

ဂေါက်သီးသမား ဒါရင်ကလာကီသည် လာမည့်ဧပြီလတွင် ကျင်းပမည့် အမေရိကန် မာစတာဂေါက်သီးရိုက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မျှော်လင့်လျက် ယခုအခါ ဟွန်ဒါကလပ်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကာ လက်ရွေးလျက် ရှိသည်ဟု ဆိုသည်။

ကမ္ဘာ့အဆင့် (၇၅)ရှိ ကလာကီသည် ဩဂတ်စတာတွင် ကျင်းပမည့် ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မာစတာပြိုင်ပွဲမတိုင်မီ သီတင်းပတ် တစ်ပတ်အလိုတွင် ကမ္ဘာ့အဆင့်(၅၀)ဝင်ရန် လိုအပ်ပြီး သို့မဟုတ်ပါကလည်း အမေရိကန်တိုးဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရရှိရမည်ဖြစ်သည်။

(အင်တာနက်)

ဗြိတိသျှလက်ဝှေ့ကျော်သုံးဦး ပွဲဦးထွက်ကြေးစားပြိုင်ပွဲများ၌ နိုင်ပွဲများဖြင့်စတင်ခဲ့

လန်ဒန် မတ် ၄

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ အင်န်အိုင်အေလက်ဝှေ့ပြိုင်ပွဲတွင် ဗြိတိသျှလက်ဝှေ့သမားများဖြစ်ကြသည့် အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဂျိမ်းစ်ဒီဂေးလ်**(ယာပုံ)**၊ ဖရမ်ကီဂါဗင်နှင့် ဘီလီဂျိုးဆောင်းဒါးစ်တို့သည် နိုင်ပွဲများရရှိခဲ့ကြခြင်းဖြင့် ၎င်းတို့၏ ကြေးစားလက်ဝှေ့လောကကို စတင်ခဲ့ကြသည်။

ဂါဗင်သည် ၎င်း၏ အိမ်ရှင်ပရိသတ်ရှေ့၌ မြို့ခံပြိုင်ဘက်ကျော့ကာဒါရီယာအား လေးချီတွင် အနိုင်ရရှိခဲ့သည်။ ဆောင်းဒါးစ်သည် ပြိုင်ဘက်အက်တီလာမိုလ်နာအား ဒုတိယအချီတွင် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဒီဂေးလ်မှာမူ ပြိုင်ဘက်ဂျော်ဂျီယာလက်ဝှေ့သမား

ဗက်ပ်ခီယာတီချီလာရီယာအား ခက်ခက်ခဲခဲ ယှဉ်ပြိုင်အနိုင်ယူခဲ့ရသည်။

(အင်တာနက်)

မသန်စွမ်းပြေးခုန်ပစ်ချန်ပီယံ ပစ်စတိုးရီးယပ်စ် ဒဏ်ရာသက်သာ၍ ဆေးရုံမှဆင်း

လန်ဒန် မတ် ၄

မသန်စွမ်း ပြေးခုန်ပစ်ချန်ပီယံ အော်စကာပစ်စတိုးရီးယပ်စ်သည် လှေမတော်တဆမှု၌ ဦးခေါင်းနှင့်မျက်နှာတို့တွင် ရရှိခဲ့သော ဒဏ်ရာများကိုကုသပြီးနောက် ဆေးရုံမှ ပြန်ဆင်းလာပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

အသက် ၂၂နှစ်ရှိ ခြေနှစ်ဖက်စလုံးမရှိသူ တောင်အာဖရိက နိုင်ငံသား ပစ်စတိုးရီးယပ်စ်သည် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော ပေကျင်း မသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုရရှိခဲ့သည်။ **(အင်တာနက်)**

ပို့စ်မောက် ယာယီနည်းပြ ပေါလ်ဟတ် ရာသီကုန်အထိ အသင်း၌ ဆက်လက်နည်းပြမည်

လန်ဒန် မတ် ၄

ပို့စ်မောက်ယာယီနည်းပြ ပေါလ်ဟတ်နှင့် ၎င်း၏လက်ထောက် ဘရိုင်ယန်ကစ်ဒ်တို့သည် ကျန်ရှိသောဘောလုံးရာသီတွင် ပို့စ်မောက်အသင်းအား ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ပြီးခဲ့သည့်လက တိုနီအဒမ်အား ပို့စ်မောက်အသင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ပြီးနောက် ဟတ်သည် အသင်း၏လူငယ်များအား ခြေစွမ်းထက်မြက်လာအောင် ပြုစုပျိုးထောင်မှုကို အရှိန်အဟုန်မြင့်ကာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူဖြစ်သည်။**(အင်တာနက်)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ လစာနှုန်းကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူး (၁၀)နေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ် ၂၂/၃၂ရှိ နယူးလိုက်အော့(ဖ်) မြန်မာသတင်းစာတိုက် အဆောက်အအုံ (အပေါ်ဆုံးထပ်)၌ ၂၁-၃-၂၀၀၉ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

၁၈-၃-၂၀၀၉ရက်နေ့မှစ၍ The New Light of Myanmar စီမံရေးရာဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရမည်ဖြစ်သည်။ လာရောက်ဖြေဆိုချိန်တွင် (က) ဘွဲ့လက်မှတ်၊ (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ (ဂ) ဖြေဆိုခွင့်ကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်လာရမည်ဖြစ်သည်။

ဖြေဆိုရမည့်အစီအစဉ်မှာ ၂၁-၃-၂၀၀၉ရက်နေ့ နံနက် ၉ နာရီမှ ၁၁နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့်ချိန် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ(ပြည်တွင်း/ ပြည်ပ)ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူများအနက် ဖြေဆိုခွင့်ရရှိသူများထံသို့ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများပို့ထားပြီးဖြစ်၍ သိလိုသည်များကို နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် စီမံရေးရာဌာန ဖုန်း-၀၁-၃၉၂၂၂၅၊ ၀၁-၃၉၂၂၂၆တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

မတ် ၁ရက်က မရမ်းကုန်းမြို့နယ်အတွင်း မှူခင်းကင်းစင် ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အမှတ်(၄)ရပ်ကွက် အောင်ဓမ္မာရုံ၌ မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းက ဟောပြောဆွေးနွေးစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

ဘုရင့်နောင်ဈေးမိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၄

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၈ရက် နံနက် ၉ နာရီက ဘုရင့်နောင်ဈေးကြီး၌ ကျင်းပရာ **(အောက်ပုံ)** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်ထောက်ဌာနမှူး ဦးထွန်းနိုင်၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှအေးတို့က အမှာစကား ပြောကြားကြပြီး ဈေးသာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ချီးမြှင့်

ထို့နောက် ဘုရင့်နောင်ဈေးကြီး မိသားစုများနှင့် အလှူရှင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် လှူဒါန်းငွေကျပ် ၁၈၀၃၁၂၀ကို အမျိုးသားသွေးဌာနမှ ဒေါက်တာနန်းအိအိခင်ထံ ပေးအပ်လှူဒါန်းပြီး ဘုရင့်နောင်ဈေးကြီးမိသားစုများနှင့် သွေးအလှူရှင် ၃၆၉ဦးတို့က သွေးများလှူဒါန်းကြရာ ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီနှင့် အလှူရှင်များက လှူဒါန်းသည့်အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ အားဆေးများ၊ စားသောက်ဖွယ်ရာများကို သွေးလှူရှင်များအား ပြန်လည်ချီးမြှင့်ကြသည်။

လှူဒါန်းပြီး

ဘုရင့်နောင်ဈေးကြီး မိသားစုများနှင့် အလှူရှင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် သွေးများလှူဒါန်းလျက်ရှိရာ ယခု(၉)ကြိမ်မြောက်တွင် သွေးပုလင်းပေါင်း ၂၃၈၂ ပုလင်းနှင့် အလှူငွေကျပ် ၁၀၈ သိန်းကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အဝေးသင် ဥပဒေ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

ရန်ကုန်အဝေးသင် တက္ကသိုလ်တွင် ၁၉၉၃-၁၉၉၄ခုနှစ်မှ ၂၀၀၁-၂၀၀၂ ခုနှစ်အထိ ဥပဒေပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမွှောရုံ ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရား (တောင်ဘက်မုခ်) အနီး ဒဂုံမြို့နယ်၌ကျင်းပမည်ဖြစ်ရာ ဦးနိုင်ဝင်း EC(ဌာနခွဲမှူး ထုတ်လုပ်ရေးဌာန၊ ရန်ကုန် အဝေးသင် တက္ကသိုလ်) ဖုန်း-၀၁-၅၃၇၄၁၁ လိုင်းခွဲ ၃၉၊၀၁-၅၃၅၀၇၃၊ ဦးမောင်မောင်ဝေ ဖုန်း-၀၉-၅၁-၀၆၈၄၀၊ ၂၄၅၇၈၄၊ ဦးအောင်မျိုး ဖုန်း-၀၉-၈၀-၃၄၄၂၅၊ ဦးကျော်ဇာနည်ဦး ဖုန်း-၀၉-၅၁-၆၇၃၄၂၊ ဦးအေးမောင် ဖုန်း-၀၉-၈၀-၃၂၃၄၄၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၂၀-၁၆၉၉၈၊ ဦးဥက္ကာမောင် ဖုန်း-၀၂-၆၀၀၃၇၊ ဦးအောင်မိုး ဖုန်း-၀၉-၅၀-၃၄၅၇၉၊ ဦးစိုးခွန်ဖြူ ဖုန်း-၀၁-၇၀၃၂၇၈၊ ဦးထွန်းအောင် ဖုန်း-၀၉-၄၅-၅၆၄၆၁၃၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁-၆၈၀၄၂၊ ဦးမျိုးသန့်ဆွေ ဖုန်း-၀၁-၅၁၆၈၂၁၊ ဦးမိုးညီထွတ် ဖုန်း-၀၁-၇၁၀၀၀၃၊ဒေါ်သောဘီသိန်း ဖုန်း-၀၉-၉၉-၂၁၁၃၃၊ ဒေါ်နီလာအေး ဖုန်း-၀၉-၉၉-၂၇၂၃၇၊ဒေါ်မေရီစိုးဦး ဖုန်း-၀၉-၅၀-၅၇၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

ဖေဖော်ဝါရီ၂၆ရက်က ဗဟန်းမြို့နယ် အမက(၁၀) အခြေခံမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ဘက်စုံပညာသင်နှစ် စာပေဆုနှင်းသဘင် အခမ်းအနားတွင် ဒုတိယတန်းမှ ပထမဆုရ မအိမ့်မျက်ကြည်ဖြူဇော်အား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းနိုင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်တာနက် ကျန်းမာရေး

ငယ်ရွယ်စဉ် ပျော်ရွှင်မှုကင်းမဲ့ခဲ့သော ကလေးငယ်များ အရွယ်ရောက်လာသည့်အခါ စိတ်ရောဂါခံစားရသူများဖြစ်နိုင်

ငယ်ရွယ်စဉ် ကလေးငယ်ဘဝက ပျော်ရွှင်မှုကင်းမဲ့စွာ ကြီးပြင်းလာရသော ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ ကျန်းမာရေးချို့တဲ့သူများဖြစ်လာကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

စိတ်ကျရောဂါခံစား

ကလေးငယ်ဘဝက ပျော်ရွှင်စွာမနေထိုင်ခဲ့ရသော ကလေးငယ်၇၀၀၀အား ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့သည် အသက်အရွယ်ရလာသည့်အခါ စိတ်ကျရောဂါခံစားရသူများ ဖြစ်နေသည်ကို တွေ့ရှိရကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

သုတေသနပြုချက်

ထို့အပြင် အဆိုပါ ကလေးငယ်များသည် အသက်အရွယ် ရလာသည့်အခါ နာမကျန်းဖြစ်မှုများသောသူများဖြစ်လာကြောင်း၊ အချို့လူငယ်များမှာ စိတ်ဝေဒနာရှင်များ ဖြစ်လာသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပြုစုပျိုးထောင်ပေးသင့်

ထို့ကြောင့် ကလေးငယ်များအား ငယ်ရွယ်စဉ်က စိတ်ပိုင်းဆိုင်ရာ တက်ကြွပျော်ရွှင်မှုရှိစေရန် ဂရုတစိုက် ပြုစုပျိုးထောင်ပေးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။

ဘဝအမောပြေ

သြော် ယောကျ်ား....

လူငယ်တစ်ဦးက မိန်းကလေးတစ်ဦးကို သူ့အားယုံကြည်လာစေမည့် စကားများကို ပြောလျက်ရှိသည်။

လူငယ် ။ ။ ကိုယ့်ဘဝမှာ မင်းကိုပထမဆုံးစိတ်ဝင်စားခဲ့တာပါ။

မိန်းကလေး။ ။ ဟုတ်လား။

လူငယ် ။ ။ ကိုယ်ဟာ အသောက်အစား အပျော်အပါး လုံးဝကင်းပါတယ်။

မိန်းကလေး။ ။ သြော်...

လူငယ် ။ ။ ကိုယ်နဲ့လက်ထပ်ပြီးရင် မင်းကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာပါ။

မိန်းကလေး။ ။ ဟုတ်ပါ့မလား။

လူငယ် ။ ။ တကယ်ပါကွာ၊ မင်းကိုကမ္ဘာပေါ်မှာ စိတ်အချမ်းသာဆုံးနဲ့ အပျော်ဆုံးမိန်းကလေးအဖြစ် ထားပါ့မယ်။

မိန်းကလေး။ ။ ဒါထက်...ကျွန်မက ရှင့်ကိုငြင်းလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ။

လူငယ် ။ ။ သြော်...ဒါဆိုလည်း နောက်ထပ်မိန်းကလေးတစ်ဦးကို ဒီစကားတွေ ထပ်ပြောရဦးမှာပေါ့လေ။

မိန်းကလေး။ ။ **'ဘာပြောတယ်'**

ဘဝဒဿန

- *It seems to me that people have vast potential. Most people can do extraordinary things if they have the confidence or take the risks. Yet most people don't. They sit in front of the telly and treat life as if it goes on forever.*

- *လူသားများတွင် ကြီးမားသောစွမ်းအင်ရှိသည်ဟု ကျွန်ုပ်ယူဆသည်။ ယုံကြည်မှုရှိလာသောအခါ သို့မဟုတ် အခက်အခဲ အကျပ်အတည်းများကိုတွေ့ကြုံရသည့်အခါ လူအများစုသည် သာမန်ထက် ထူးကဲသော အံ့ချီးဖွယ် အရာများကို စွမ်းဆောင်နိုင်ကြသည်။ သို့တိုင်အောင် လူအများစုသည် ထိုကဲ့သို့ မစွမ်းဆောင်ကြချေ။ ၎င်းတို့သည် ပျော်ရွှင်မှုတွင်သာ နစ်မျောနေလေ့ရှိပြီး ယင်းအတိုင်း ထာဝရကြုံရမည်ကဲ့သို့ ဘဝကို မှတ်ယူထားကြသည်။*

ဖီလစ်အဒမ်စ်
(အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်း နှင့် အေးသန္တာသိန်း

နည်းပညာသိပွဲ

စွမ်းအားမြင့် အဏုကြည့်မှန်ပြောင်း

ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များ၏ ဖြစ်တည်ပြောင်းလဲမှုများကို အသေးစိတ်လေ့လာနိုင်ရန်အတွက် အားကောင်းသော မှန်ဘီလူးတပ်ဆင်ထားသည့် ကမ္ဘာ့အသေးငယ်ဆုံး အဏုကြည့်မှန်ပြောင်းတစ်ခုကို ကနေဒါသုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။

ပိုမိုအားကောင်း

အဆိုပါ အဝေးကြည့်နှင့် အဏုကြည့်မှန်ပြောင်းသည် ဆဲလ်များ၏ ပြောင်းလဲမှုကို အဏုစိတ်ကြည့်ရှုလေ့လာနိုင်သည့်အပြင် ဓာတ်ခွဲခန်းသုံး အဏုကြည့်မှန်ပြောင်းများထက် ပိုမိုဓာတ်ခွဲကြည့်ရှုနိုင်မှု အားကောင်းကြောင်း သိရသည်။

သရုပ်မှန် ခွဲခြားပေး

သွေးကလာပ်စည်းများတွင် ပျံ့နှံ့နေသော ရောဂါပိုးများကို အချိန်တိုအတွင်း ရှာဖွေပေးနိုင်သည့်အပြင် ရောဂါပိုးများ၏ အနေအထားကို အချိန်တိုအတွင်း သရုပ်မှန်ခွဲခြားပေးနိုင်ကြောင်း သုတေသနပညာရှင် ခရစ်ဂျိန်းတိုပေါလို့စ်က ပြောကြားသည်။

ရှာဖွေလေ့လာနိုင်

ယခုတီထွင်ထုတ်လုပ်ထားသော အဏုကြည့်မှန်ပြောင်းသည် သုံးဖက်မြင်ဖြစ်ပြီး ခေတ်မီနည်းပညာများ ထည့်သွင်း အသုံးပြုထားသည်။ ထို့အပြင် အနီအောက်ရောင်ခြည်သုံးစနစ်ထည့်သွင်းထားသဖြင့် မိုင်ပေါင်းများစွာ ဝေးကွာသော ကြယ်တာရာများ၏ ပြောင်းလဲမှုကို ရှာဖွေလေ့လာနိုင်သည်။

တီထွင်ထား

ထို့အတူ ပင်လယ်သမုဒ္ဒရာအတွင်း သွားလာခုတ်မောင်းနေသော သင်္ဘောများ၏ လှုပ်ရှားမှုကိုလည်း လေ့လာနိုင်အောင် တီထွင်ထားသော အဏုကြည့်မှန်ပြောင်းလည်းဖြစ်သည်။ ။ **(အင်တာနက်)**

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ သမိုင်းဖြစ်စဉ်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံသည် ဥရောပတိုက် အနောက်မြောက်ကမ်းလွန်အင်္ဂလိပ်ရေလက်ကြား၊ ဒိုဗာရေလက်ကြားနှင့်မြောက်ပင်လယ်ဒေသတွင် တည်ရှိသည်။ ယူနိုက်တက်ကင်းဒမ်းနိုင်ငံကို အင်္ဂလန်၊ ဝေလနယ်၊ စကော့တလန်နှင့် မြောက်ပိုင်းအိုင်ယာလန်တို့ဖြင့် စုစည်းတည်ထောင်ထားသည်။ နိုင်ငံတကာရေးရာတွင် အချိန်ကြာမြင့်စွာ အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်သမိုင်းရှိခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂ(အီးယူ)၊ ကုလသမဂ္ဂနှင့် နေတိုးအဖွဲ့တို့တွင် အရေးပါသည့်နေရာမှ ပါဝင်သည်။

စတင်ထမ်းဆောင်

နိုင်ငံတော်အကြီးအကဲမှာ ၁၉၅၂ခုနှစ်က ဗြိတိန်ထီးနန်းတက်ခဲ့သူ ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီး ဖြစ်သည်။ အယ်လီဇဘက်ဘုရင်မကြီးသည် ကနေဒါနှင့် သြစတြေးလျနိုင်ငံတို့အပါအဝင် လွတ်လပ်သည့် နိုင်ငံ ၁၆ နိုင်ငံတို့၏ နိုင်ငံတော်အကြီးအကဲလည်း ဖြစ်သည်။ ဝန်ကြီးချုပ်မှာ ဂေါ်ဒွန်ဘရောင်းဖြစ်သည်။ ၂၀၀၇ခုနှစ် ဇွန်လ ၂၇ရက်တွင် ဗြိတိန်ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်သည်။

စစ်ပွဲအဆုံးသတ်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်သောအခါ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ(ယူကေ)သည် ဂျာမနီနှင့်ထိပ်တိုက်တွေ့သည်။ ဘယ်လ်ဂျီယံနှင့် ပြင်သစ်တွင် အလွန်ခက်ခဲသည့် စစ်ပွဲနှင့်တိုးသည်။ ၁၉၁၈ခုနှစ် နိုဝင်ဘာလတွင် ယူကေစစ်သား သုံး၊ လေးသိန်း အကျအဆုံးဖြင့် စစ်ပွဲအဆုံးသတ်သွားသည်။

၁၉၂၁ခုနှစ်တွင် လွတ်လပ်သော အိုင်ယာလန်နိုင်ငံထူထောင်ရေး ယူကေက သဘောတူသည်။ သို့သော် မြောက်ပိုင်းအိုင်ယာလန်မှာ ယူကေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်ရှိနေမြဲဖြစ်သည်။ ၁၉၂၄ ခုနှစ်တွင် ပထမဆုံးယူကေအစိုးရကို ရမ်ဆေးမက်ဒေါ်နယ်၏ လေဘာပါတီက ဦးဆောင်သည်။

အလုပ်လက်မဲ့

၁၉၂၉ခုနှစ်တွင် ကမ္ဘာ့စတော့ဈေးကွက်ယိုင်လဲသည်။ ယူကေ၌ အလုပ်လက်မဲ့ဦးရေ စတင်ပိုများလာသည်။ ၁၉၃၁ခုနှစ်တွင် စီးပွားရေး အကျပ်ရိုက်သည်။ သန်းပေါင်းများစွာ အလုပ်လက်မဲ့ ဖြစ်ကြရသည်။

၁၉၃၆ခုနှစ်တွင် ဆဋ္ဌမမြောက် ဧဒွပ်ဘုရင် နန်းစွန့်သည်။ အမေရိကန်သူမီးစ်ဆင်မဆန်နှင့် လက်ဆက်သည်။

၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဂျာမနီက ပိုလန်နိုင်ငံကို ကျူးကျော်သည်။ ယူကေက ဂျာမနီကိုစစ်ကြေညာသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဝင်စတန်ချာချီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၄၄ခုနှစ် ဇွန်လ ၆ရက် (ဒီဒေး)တွင် မဟာမိတ်တပ်များက ဗြိတိန်မှ ပြင်သစ်ကိုဝင်ရောက်ကာ ဂျာမနီကို ဦးတည်တိုက်ခိုက်သည်။ ၁၉၄၅ ခုနှစ် မေ ၈ရက်တွင် ဂျာမန်တို့လက်နက်ချသည်။ လေဘာပါတီခေါင်းဆောင် အက်တလီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုနှစ်တွင် ယူကေနိုင်ငံ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၄၇ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗြိတိန်လက်အောက်မှ လွတ်လပ်ရေးရသည်။ ၁၉၄၉ခုနှစ်တွင် နေတိုးကို စတင်ဖွဲ့စည်းသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် အယ်လီဇဘတ်ဘုရင်မ နန်းတက်သည်။

ခေါင်းဆောင်ဖြစ်

၁၉၇၉ခုနှစ်တွင် ကွန်ဆာဗေးတစ် နိုင်ငံရေးသမား မာဂရက်သက်ချာ ဝန်ကြီးချုပ်ဖြစ်လာသည်။ လွတ်လပ်ဈေးကွက်မူဝါဒ စတင်ကျင့်သုံးသည်။ ၁၉၈၇ခုနှစ်တွင် မာဂရက်သက်ချာ ပြန်လည်ရွေးချယ်ခံရသည်။ ၁၉၉၀ပြည့်နှစ်တွင် မာဂရက်သက်ချာ ရာထူးမှ နုတ်ထွက်သဖြင့် ဂျွန်မေဂျာ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၂ခုနှစ်တွင် ဂျွန်မေဂျာ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံရသည်။ ဂျွန်စမစ် လေဘာပါတီခေါင်းဆောင်ဖြစ်လာသည်။ ၁၉၉၄ခုနှစ်တွင် ဂျွန်စမစ်ကွယ်လွန်သောအခါ တိုနီဘလဲ လေဘာပါတီခေါင်းဆောင် ဖြစ်လာသည်။

ထောက်ခံပါဝင်

၁၉၉၇ခုနှစ် မေလတွင် တိုနီဘလဲ၏ လေဘာပါတီက ရွေးကောက်ပွဲ အနိုင်ရလိုက်သည်။ ၁၉၉၇ခုနှစ် ဩဂုတ်လတွင် ဝေလမင်းသမီးဒိုင်ယာနာ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကားမှောက်ကွယ်လွန်သည်။ တိုနီဘလဲ၏ လေဘာပါတီက ၂၀၀၁ခုနှစ် ဇွန်လရွေးကောက်ပွဲနှင့် ၂၀၀၅ခုနှစ် မေလရွေးကောက်ပွဲတို့တွင် ဆက်တိုက်အနိုင်ရသည်။ ထိုအတောအတွင်း ဝန်ကြီးချုပ်တိုနီဘလဲက ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် အမေရိကန်မြို့ကြီးများ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ဦးဆောင်ပြီး အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်မှုနှင့် ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်အား ကျူးကျော်တိုက်ခိုက်မှုတို့တွင် ထောက်ခံပါဝင်ခဲ့သည်။

ကြေညာ

၂၀၀၅ခုနှစ် ဇူလိုင် ၂၈ ရက်တွင် အိုင်ယာလန်ရီပတ်ဘလီကင် တပ်မတော်(အိုင်အာရ်အေ)က လက်နက်ကိုင်တိုက်ပွဲ တရားဝင်အဆုံးသတ်ကြောင်း ကြေညာသည်။

၂၀၀၇ခုနှစ် ဇွန်လတွင် တိုနီဘလဲ၏ ဝန်ကြီးချုပ်ရာထူးကို ဂေါ်ဒွန်ဘရောင်းက ဆက်ခံသည်။

အနိမ့်ဆုံး

၂၀၀၈ ခုနှစ်အောက်တိုဘာလတွင် ထိပ်တန်းဘဏ်ကြီးသုံးခုကို ကယ်ဆယ်ရေးရန်ပုံငွေ ပေါင်စတာလင် ၃၇ဘီလီယံ ထုတ်ပေးသည်။၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်ဘဏ်က အတိုးနှုန်း ၁ဒသမ၅ရာခိုင်နှုန်းအထိ ချလိုက်သည်။ ၃၁၅ နှစ်အတွင်း အနိမ့်ဆုံး ဖြစ်သည်။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ရွှေဘိုခရိုင် ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းများ စံ(၅)ချက်နှင့်အညီ အကောင်အထည်ဖော်ရေး ထပ်ဆင့်ရှင်းလင်း

ရွှေဘို ဖေဖော်ဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်း၊ ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့မှ ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြပြီး တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ အကောင်အထည်ဖော်ရေး၊ အဆောက်အအုံမြေနေရာရရှိရေး၊ ချမှတ်ပေးသည့် လုပ်ငန်းတာဝန်(၁၁)ရပ်နှင့် စာဖတ်သူတိုးတက်ရေးအတွက် ထပ်ဆင့်ရှင်းလင်းပြီး ခရိုင်နှင့် မြို့နယ်များမှ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

သာယာဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သာယာဝတီ ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ကို ဇန်နဝါရီ၁၆ရက်က ဆောင်ရွက်ရာ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး၊ အမှုဆောင်အရာရှိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ချောက်မြို့၌သရုပ်ပြလေ့ကျင့်

ချောက် ဖေဖော်ဝါရီ ၂၂

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၇ရက် နံနက်၉နာရီခွဲက ချောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဈေးရုံအလိုက် ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့ရုံးဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်အဖွဲ့များပူးပေါင်း၍ ဈေးအတွင်း အဆင်သင့် တပ်ဆင်ထားသော မီးသတ်စက်များဖြင့် ဇာတ်တိုက်လေ့ကျင့်ကြသည်။

(ယာပုံ) (မြို့နယ်စည်ပင်)



လူငယ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ရန်ပုံငွေနှင့် မီဒီယာပစ္စည်းများလှူဒါန်း

ဇန်းမော် မတ် ၁

ဇန်းမော်မြို့နယ် နမ့်ဖားကျေးရွာအုပ်စု လူငယ်အားမာန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ရန်ပုံငွေ၊ စာအုပ်နှင့် မီဒီယာပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်အေး၊ မြို့နယ်ဦးစီးမှူးဒေါ်သီတာအေး၊ ကျေးရွာဥက္ကဋ္ဌ ဦးဇော်လွင်တို့က လူငယ်အားမာန် စာကြည့်တိုက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်မှူး ဦးစိုင်းသိန်းလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက လူငယ်အားမာန်စာကြည့်တိုက်အတွက် တိုရှီဘာ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံး၊ ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံး၊ သုတ၊ ရသစာအုပ် အုပ်၅၀၀ နှင့် ရန်ပုံငွေကျပ် ၁၆၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရမည်းသင်းမြို့၌ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးဆောင်ရွက်

ရမည်းသင်း ဖေဖော်ဝါရီ ၂၄

ရမည်းသင်းမြို့နယ် ရွှေစည်းခုံရပ်ကွက် ရွှေစည်းခုံဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၁နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်စုတာဝန်ခံများနှင့် ဥက္ကဋ္ဌအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက ရပ်ရွာအေးချမ်းသာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ဆောင်ရွက်

ပြင်ဦးလွင် မတ် ၁

၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၁ရက်က ပြင်ဦးလွင်မြို့နယ် အမှတ် (၅)နယ်မြေ ပင်လိန်အလယ်ကျေးရွာ၌ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ကောက်ယူ

အဆိုပါလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဦး၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးမြင့်လှိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးပြီး မြေစာရင်းဝန်ထမ်းများသည် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ တစ်အုပ်စုချင်းဖွဲ့စည်းပြီး ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များအားလုံးနှင့်ပြန့်ကျဲအိမ်ထောင်စုဝင်အားလုံးတို့၏ အိမ်ထောင်ဦးစီး နှင့်လူဦးရေကျား/မစာရင်းများကို တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း သီးနှံစိုက်ပျိုးလုပ်ကိုင်မှု စာရင်း၊ မွေးမြူရေးစာရင်း၊ အခြားစီးပွားရေးလုပ်ကိုင်မှုစာရင်းများကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ကွင်းဆင်း

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၁၃၇ရွာနှင့် အိမ်ထောင်စုဝင်ပေါင်း ၃၈၆၅၉စုတို့အား မြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများသည် ကျေးရွာအုပ်စုများမှကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များပူးပေါင်းလျက် ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၈၈)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ရပ်မိရပ်ဖ ဦးလှသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၄)

ကျို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရှေ့လမ်းမတော်လမ်း ကတ္တရာဖြင့်လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ရက်က အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်နွယ်နွယ်ယဉ်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

သုတလမ်းညွှန်စာကြည့်တိုက်အဆောက်အအုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ပြည်မြို့၌ဖွင့်

ပြည် ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် လွှစင်ကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာ သုတလမ်းညွှန်စာကြည့်တိုက် အဆောက်အအုံနှင့်ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးကျော်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အုပ်စုဥက္ကဋ္ဌဦးအေးစိုးတို့က စာကြည့်တိုက်အဆောက်အအုံနှင့် ကျန်းမာရေးဌာနခွဲ အဆောက်အအုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူငွေနှင့် စာအုပ်စာစောင်များကိုလှူဒါန်းကြရာ တိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က စာအုပ်စာစောင် အုပ် ၁၀၀၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးခင်မောင်ထွန်းက စာအုပ်စာစောင် အုပ် ၁၀၀၊ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးမြင့်က စာအုပ်စာစောင်အုပ် ၁၀၀နှင့် အလှူငွေကျပ် တစ်သိန်းတို့ကိုလှူဒါန်းကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ကျင်းပ

အလားတူ နဝင်းကွက်သစ် ကျောက်ခြံကျေးရွာ ဘ၀ပန်းတိုင်စာကြည့်တိုက်နှင့် အရှေ့ပုပ္ပားကျေးရွာ ဘ၀အလင်းရောင်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲများကို ကျင်းပကြသည်။ (ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်း စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီကကြီးမှူး၍ မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းမှ စေတနာသွေးလှူရှင်များ ပထမအကြိမ် စုပေါင်း သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉နာရီက မြစ်ကြီးနားတက္ကသိုလ် ဇဟိုခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များ၊ ကချင်ပြည်နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ပြည်နယ်ဦးစီးမှူး (ပထမတန်း) ဦးဂဲနက်(စ်)နှင့် တပ်ဖွဲ့ဝင်အရာရှိများ၊ မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာခင်တင့်နှင့်တာဝန်ရှိသူများ၊ သွေးလှူဘဏ်မှ အထူးကုဆရာဝန်(ရောဂါဗေဒ)ဒေါက်တာခင်မွန်နှင့်တာဝန်ရှိသူများ၊မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမောင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက် အားပေးကြည့်ရှုကြသည်။

လှူဒါန်း

အဆိုပါသွေးလှူဒါန်းပွဲတွင် မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းဝင် စေတနာသွေးလှူရှင် ၁၀၃ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၀၃)

လပွတ္တာမြို့၌ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ပြန်လည်ဆန်းစစ်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေး

လပွတ္တာ ဖေဖော်ဝါရီ ၂၆

ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အဆင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ ပြန်လည်ဆန်းစစ်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို လပွတ္တာမြို့ အလခ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀နာရီက ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦး **(အပေါ်ပုံ)**နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးရဲဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်ကျင်းပပြီး မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် လုပ်ငန်းနှီးနွယ်ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး နွားထိုးကြီး၌ လေ့ကျင့်

နွားထိုးကြီး မတ် ၂

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မစည်ပင်သာယာဈေးကြီး အကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ဇာတ်တိုက်ခြင်းကို မတ် ၁ရက် ညနေ ၃နာရီက မြို့မ စည်ပင်သာယာဈေးကြီးအတွင်းလမ်းဆုံ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တို့ဖြင့် ရေသွယ် ရေလွှတ်ပေးခြင်း၊ ရေပက်ဖျန်းခြင်းတို့ကို ဈေးအဝင်ပေါက်ကြီးများတွင် ဇာတ်တိုက်လေ့ကျင့်ကြပြီး မီးလောင်လျှင် မီးသတ်ဆေးဘူးဖြင့်ဖျန်းပက်မီးငြိမ်းသတ်ခြင်းတို့ကို ဈေးသူ ဈေးသားများ ကိုယ်တိုင် လက်တွေ့ဇာတ်တိုက် လေ့ကျင့်ကြသည်။ (၀၈၉)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်မြို့ နဝဒေးပွဲရုံတန်းအတွင်းရှိ ကတ္တရာလမ်းသစ်များဖွင့်ပွဲ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၁၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နဝဒေးပွဲရုံတန်းအတွင်းရှိ ကတ္တရာလမ်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် နဝဒေးပွဲရုံတန်းအတွင်း ကတ္တရာလမ်းများ တည်ဆောက်ရေးကော်မတီအဖွဲ့ဝင် ဦးထိန်လင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းကိုကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်၌ တိရစ္ဆာန်ကာကွယ်ဆေး ကုသဆောင်ရွက်

ရေစကြို ဖေဖော်ဝါရီ ၁၅

ရေစကြိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် တိရစ္ဆာန်များတွင် ကျရောက်တတ်သည့် ရောဂါများကြိုတင်ကာကွယ်ရေးအတွက် တစ်ရွာဝင်တစ်ရွာထွက် လိုက်လံ၍ ကာကွယ်ဆေးများ ကုသပေးလျက်ရှိရာ ရေစကြိုတစ်မြို့နယ်လုံး ကျေးရွာ ၁၀အုပ်စုခန့် ကာကွယ်ဆေးများ ဆောင်ရွက်ပေးလျက်ရှိသည်။ (၀၆၉)

ရေပန်းအလှဆောင်ရွက်

ဖေဖော်ဝါရီ ၄ရက်က ကန့်ဘလူမြို့နယ် ပြည်သူ့ပန်းခြံအတွင်း အင်ကြင်းကျောက်ဆောင်နှင့် ရေပန်းအလှဆောင်ရွက်မှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မေမျိုးခိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မံဖာကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် မံဖာကျေးရွာဥက္ကဋ္ဌ ဦးကျော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ရေးမြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးဦးအောင်ရဲမင်း ဇန်နဝါရီ ၂၈ ရက်က ရေးမြို့ အထက(၁)ကျောင်း၌ ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း

ခိုးယူလာသည့်ဆိုင်ကယ် လှည့်ကင်းအဖွဲ့နှင့်တိုး၍ ဖမ်းဆီးခံလိုက်ရတဲ့ နောင်ချိုမြို့က ပြစ်မှု

နောင်ချို ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ခြေမြစ်ပင်ကျေးရွာ၌ သော့တန်းလန်းဖြင့် ရပ်ထားသော ဆိုင်ကယ်ကိုခိုးယူမှု ဇန်နဝါရီ ၂၇ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်စခန်းမှူးရဲအုပ်ကျော်ဝင်း ကြီးကြပ်မှုဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ညကင်းလှည့်များဆောင်ရွက်ကြစဉ် ဇန်နဝါရီ ၂၇ရက် ည ၁၀နာရီခန့်က နယ်ထိန်းဒုရဲအုပ်ဝင်းညွှန့်ဦးဆောင်သည့် နယ်ထိန်းတပ်ဖွဲ့ဝင်များက နောင်ချိုမြို့အနောက်ဘက် မန္တလေး-လားရှိုးကားလမ်း စိုက်ပျိုးရေးခြံ ရှေ့တွင် မသင်္ကာဖွယ် လူတစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်တွေ့ရှိသဖြင့် မေးမြန်းစုံစမ်းရာ ၄င်းပိုင် ဆိုင်ကယ်ဖြစ်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိသည့်အတွက် ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။

ဝန်ခံထွက်ဆို

အဆိုပါ ခေါ်ဆောင်လာသူ ရာမူး(ခ)ရမ်းပရာဆပ်အား မေးမြန်းရာ ၄င်းက နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာရှိ ဂေါ်ရခါး ဘုရားကျောင်းဝင်း အတွင်းရှိ နေအိမ်အရှေ့တွင် သော့တန်းလန်းဖြင့် ရပ်ထားသည့် မတလ/၃၁၉၀၄၁ ၄က်ခါး ရောင်ဆိုင်ကယ်ကို ခိုးယူလာခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်။

အဆိုပါ ဆိုင်ကယ်ခိုးလာသည့် တရားခံ ရာမူး(ခ)ရမ်းပရာဆပ် (အသက် ၃၅နှစ်)နယ်မြေ(၂) ရပ်ကွက်(၇) လားရှိုးမြို့ နေထိုင်သူအား နောင်ချိုရဲတပ်ဖွဲ့စခန်းမှ (ပ)၈/၀၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ဖြင့် တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၂၅)

ညောင်ရွှေမြို့နယ်စည်ပင် အမှတ်(၂)လမ်းမကြီးဖွင့်

ညောင်ရွှေ ဖေဖော်ဝါရီ ၂၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၉ရက် နံနက်၉နာရီက ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီး ဆောင်ရွက်ခဲ့သော သာစည်ရပ်ကွက် အမှတ်(၂)လမ်းမကြီး ဖွင့်ပွဲကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတင်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်တို့က ကျောက်ချောလမ်းမကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(၀၂၁)

ဟိုပင်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေး ဟောပြော

ဟိုပင် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၁၀ နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး စာရေးဆရာဒါရိုက်တာ ဖွန်မောင်မောင်က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် စာရေးဆရာမ ခရေက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်သည်များကို ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းမြို့ ချင်းတွင်းမြစ်ကမ်းဘေး ကမ်းနားလမ်း ရေတိုက်စားခြင်းဒဏ်မှ ကာကွယ်ရန် သစ်သားမြေထိန်းနံရံဆောက်လုပ်ခြင်းကို လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သတင်းအချက်အလက် တိကျမှန်ကန်မှုနှင့် သတင်းဇာစ်မြစ်ခိုင်လုံမှုကို စိစစ်ခြင်းမပြုဘဲ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်သည်ဟု အစီရင်ခံစာ၌ မမှန်မကန်စွပ်စွဲဖော်ပြထား

အစိုးရဆန့်ကျင်ရေးအဖွဲ့အစည်းများမှ ပေးပို့သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာသို့ စိမ့်ဝင်ရောက်ရှိလာခြင်းဖြစ်

မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခွင့်ရရှိရေး ဦးစားပေးဆောင်ရွက်နေ အစီရင်ခံစာသည် မြန်မာပြည်သူများ၏ အပြုသဘောဆောင်သည့် တိုးတက်မှုများကို လျစ်လျူရှု

လူ့အခွင့်အရေးအစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံ ပယ်ချ

နေပြည်တော် မတ် ၄

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၈ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အခြေအမြစ်မရှိ

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၈ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာသည် ယခင်နှစ်များကဲ့သို့ပင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည်ဆိုသော အခြေအမြစ်မရှိ၊ အထောက်အထားခိုင်လုံမှုမရှိသော လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များကို ထပ်မံဖော်ပြထားပါသည်။

မမှန်မကန်စွပ်စွဲ

အစီရင်ခံစာ၌ သတင်းအချက်အလက်တိကျမှန်ကန်မှုနှင့် သတင်းဇာစ်မြစ်ခိုင်လုံမှုတို့ကို သေချာစွာစိစစ်ခြင်းမပြုဘဲ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော မမှန်မကန်စွပ်စွဲချက်များ သိမ်းကျုံးဖော်ပြထားသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါသည်။ အမေရိကန်ပြည်ထောင်စုသည် လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်၍ အခြားနိုင်ငံများအပေါ် မမှန်မကန် စွပ်စွဲဖော်ပြနေမည့်အစား မိမိနိုင်ငံ၏ လူ့အခွင့်အရေး မြှင့်တင်ရေးကိစ္စရပ်များအပေါ်တွင်သာ အာရုံစိုက်ရန် လိုအပ်ပါမည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မဆုတ်မနစ် ကြိုးပမ်းလျက်ရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်ကတည်းက ချမှတ်ထားခဲ့ အာဆီယံဘုံရည်မှန်းချက်ထက် တစ်နှစ်စော၍ မူးယစ်ဆေးဝါးကင်းစင်ရေး ဆောင်ရွက်နေ

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဗျူဟာအစီရင်ခံစာ အခြေအမြစ်မရှိ၊ မမှန်မကန်ဖော်ပြထားသော နိုင်ငံရေးအရ ထိုးနှက်ချက်သာဖြစ် ထိုအစီရင်ခံစာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံ ပယ်ချ

နေပြည်တော် မတ် ၄

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်အတွက် နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး ဗျူဟာအစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

တရားမျှတမှုမရှိ

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်နှင့်ပတ်သက်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူဟာ အစီရင်ခံစာကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာ၌ မြန်မာနိုင်ငံအား နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေး တာဝန်ဝတ္တရား သိသိသာသာပျက်ကွက်ခဲ့သည့် ကမ္ဘာ့နိုင်ငံ သုံးနိုင်ငံအနက် တစ်နိုင်ငံအပါအဝင် ဖြစ်သည်ဟု အခြေအမြစ်မရှိ စွပ်စွဲသတ်မှတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေမှုများကို မျက်ကွယ်ပြု၍ ယင်းကဲ့သို့ တရားမျှတမှုမရှိဘဲ သတ်မှတ်ဖော်ပြခဲ့ခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

ပုံပိုးဆောင်ရွက်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆယ်စုနှစ်များစွာ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် (၁၅)နှစ် အမျိုးသားစီမံကိန်းတစ်ရပ်ကို ၁၉၉၉ ခုနှစ်ကတည်းက ချမှတ်ထားခဲ့ပါသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် မြန်မာ့အမျိုးသားရေးကြိုးပမ်းမှုများသည် (၁) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ရေး၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■